## ခင်ဦးတိုက်ပွဲ၌ ဒေသကာကွယ်ရေးနှင့် အရပ်သား ၁၄ဦး သတ်ခံရ

By ဧရာဝတီ | 10 March 2022

စစ်ကိုင်းတိုင်းအတွင်းက ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကို အပြတ်ရှင်းမည်ဟူသော သတင်းများ ထွက်ပေါ်ပြီး နောက် ဖြစ်ပွားခဲ့သည့် ခင်ဦးမြို့နယ်တိုက်ပွဲတွင် ဒေသခံပြည်သူ့ကာကွယ်ရေးအဖွဲ့ဝင် (ပ.က.ဖ) ၁၁ ဦးနှင့် အရပ်သား ပြည်သူ ၃ ဦးကို စစ်ကောင်စီက အစုလိုက် သတ်ဖြတ်မှု ဖြစ်ပွားခဲ့သည်။

မတ် ၅ ရက်မှ စတင်ကာ ရေဦးမြို့နယ်တွင် တပ်စွဲထားသည့် တပ်မ ၇၇ နှင့် ပျူစောထီး အဖွဲ့ဝင်များသည် ခင်ဦးမြို့နယ် ထဲသို့ ရောက်ရှိလာပြီးနောက် ခင်ဦးမြို့နယ်၊ ရွာသစ်ကုန်းရှိ စစ်ကောင်စီ လက်အောက်ခံ အဖွဲ့ဝင်များနှင့် ပူးပေါင်းကာ သိမ်တော်၊ ဒါန်းကုန်း၊ မုန်တော၊ ကျွန်းလည်၊ အင်ပေါက် စသည့်ရွာများကို ဝင်ရောက်စီးနင်းခဲ့ခြင်း ဖြစ်ကြောင်း ဒေသခံ များထံမှ သိရသည်။

မတ် ၈ ရက် နံနက် ၉ နာရီခန့်တွင် သိမ်တော်ရွာသို့ စစ်ကောင်စီတပ်သည် ၄၀ မမ လောင်ချာ များဖြင့် အချက် ၅၀ ထက်မနည်း ပစ်ခတ်ဝင်ရောက်လာရာ ပြန်လည်ခုခံကာကွယ်သည့် ကျေးရွာ ပ.က.ဖ များနှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။

စစ်ကောင်စီဘက်က ဆက်တိုက် ပစ်ခတ်သည့်အတွက် ကျေးရွာ ပ.က.ဖ အဖွဲ့ဝင်များ နောက်ဆုတ်ခဲ့သော်လည်း ပ.က.ဖ ၁၁ ဦး စစ်ကောင်စီတပ်၏ ဖမ်းဆီးခြင်းကိုခံရပြီး ပစ်ခတ်သတ်ဖြတ်ခံရကြောင်း ဒေသ သတင်းရင်းမြစ်များ၏ ပြောပြ ချက်အရ သိရသည်။

သေဆုံးခဲ့သည့် ကာကွယ်ရေး အဖွဲ့ဝင်များ၏ ရုပ်အလောင်းများတွင် နိုပ်စက်ခံထားရသည်ကို တွေ့ရှိရပြီး ဦးခေါင်းကို တုတ်ကာ ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း အလောင်းကောက်ရာ၌ ပါဝင်ခဲ့သူ တဦးကလည်း ဧရာဝတီသို့ ပြော သည်။



ခင်ဦးတိုက်ပွဲတွင် ပ.က.ဖ ၁၁ ဦး သေဆုံး (ဓာတ်ပုံ/CJ)

၎င်းက “တပ်ဖွဲ့ဝင်တွေက တိုက်ပွဲမှာ တခါတည်း ကျဆုံးတာ မဟုတ်ဘဲနဲ့ ဖမ်းဆီးပြီးမှ ပစ်သတ်ခဲ့တဲ့ အနေအထားမျိုး တွေ့ရတယ်။ ခန္ဓာကိုယ်မှာ ကျည်ဖောက်ဝင်နေတဲ့ ဒဏ်ရာမျိုး မတွေ့ရဘဲနဲ့ ဦးခေါင်းတွေကိုပဲ တုတ်ပစ်သွားတာ။ တချို့ အလောင်းတွေက ဦးခေါင်းတွေ ကွဲထွက်သွားပြီးတော့ တခြမ်းတွေ ပဲ့ကုန်တာပေါ့ဗျာ။ ရုပ်အလောင်းတွေနားမှာလည်း ကြိုးနဲ့တုပ်ထားတဲ့ ကြိုးထုံးတွေ တွေ့ရတယ်။ ရင်ဘတ်မှာဆို ဖိနပ်တွေဘာတွေနဲ့ ပြင်းပြင်းထန်ထန် ကန်ပြီးတော့ ပစ်သတ်သွားတဲ့ လက္ခဏာမျိုး တွေ့ရတယ်” ဟု ရှင်းပြသည်။

စစ်ကောင်စီက သတ်ဖြတ်ခဲ့သူများတွင် အသက်မပြည့်သေးသည့် ၁၇ နှစ်အရွယ် ၂ ဦး အပါအဝင် အများစုမှာ ၂၀ ကျော် အရွယ်များသာ ဖြစ်သည်။

သေဆုံးခဲ့သူများမှာ ကိုဖြိုးနန်းဝေ (၁၇ နှစ်)၊ ကိုစည်သူနိုင် (၁၇ နှစ်)၊ ကိုသက်မျိုးလှိုင် (၁၈ နှစ်)၊ ကိုစောလင်းမောင် (၁၈ နှစ်)၊ ကိုအောင်ငြိမ်း (၂၀ နှစ်)၊ ကိုဖိုးစိုး (၂၀ နှစ်)၊ ကိုပြည့်ဖြိုးအောင် (၂၂ နှစ်)၊ ကိုဝေယံမြင့်လွင်( ၂၂ နှစ်)၊ ကိုဝင်းငွေး (၂၅ နှစ်)၊ ကိုဇော်ထက် (၂၅ နှစ်) နှင့် ဦးအောင်နိုင် (၄၀ နှစ်) တို့ ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မတ် ၇ ရက်ကလည်း ကျွန်းလည်ရွာမှ သိမ်တော်ရွာသို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သော ဦးခင်မောင်ကို (၅၅ နှစ်)၊ ဦးအောင်ဇော်မိုး (၄၈ နှစ်) နှင့် ဦးဘိုးဝင်း (၄၅ နှစ်) တို့ကိုလည်း စစ်ကောင်စီတပ်က ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း ဒေသခံများ၏ ပြောပြချက်အရ သိရသည်။

ဒေသခံတဦးက “သူတို့ရက်စက် ယုတ်မာမှုကို ကျွန်းလည်က ဖမ်းသွားတဲ့ ဒေသခံ ၃ ဦးက မျက်မြင်လို ဖြစ်သွားတော့ ဒီ ၃ ဦးကို အကြောင်းမဲ့ ပစ်သတ်သွားတယ် ထင်ပါတယ်” ဟု ဆိုသည်။

စစ်ကောင်စီတပ် ရွာအဝေးသို့ ရောက်ရှိချိန်ဖြစ်သည့် ယမန်နေ့ကမှ သေဆုံးသူများ၏ ရုပ်အလောင်းများကို ကောက်ယူ နိုင်ခြင်းဖြစ်ကြောင်း၊ ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များကို အစုလိုက်တွေ့ခဲ့ရသည့် လယ်ကွင်းပြင်တွင် မီး သဂြိုဟ်ထားသည့် စစ်သား ရုပ်အလောင်း ၁ လောင်းကိုလည်း တွေ့ရှိခဲ့ရကြောင်း သိရသည်။

စစ်ကောင်စီတပ်သည် ဒါန်းကုန်းကျေးရွာကို မတ် ၅ ရက် နေ့လယ် ၂ နာရီမှစပြီး မီးရှို့ခဲ့ရာ အိမ်ခြေ ၃၅ လုံး မီးလောင် ခဲ့သလို မုန်တောကျေးရွာတွင်လည်း အိမ် ၂၅ လုံး မီးရှို့ခံခဲ့ရကြောင်း ဒေသခံများက ဆိုသည်။

ဖေဖော်ဝါရီ ၁၇ ရက်က ခင်ဦးမြို့နယ် မြို့သစ်ရွာတိုက်ပွဲတွင် ဒေသခံ ပ.က.ဖ အဖွဲ့ဝင် ၁၄ ဦး သေဆုံးခဲ့ပြီး ဖေဖော်ဝါရီ ၂၀ ရက်က သရက်ကန်ရွာတိုက်ပွဲ၌ ၅ ဦးနှင့် ဇန်နဝါရီ ၂၅ ကလည်း သရက်ကန်ရွာ တိုက်ပွဲတွင် ၁၁ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းရှိ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကို မတ် ၂၇ ရက် (တပ်မတော်နေ့) မတိုင်မီ အပြတ်ရှင်းမည် ဆိုသော သတင်းများ ထွက်ပေါ်နေမှုနှင့်အတူ စစ်ကောင်စီဘက်က အင်အားများ ထပ်မံဖြည့်တင်း၍ မြေလှန်စနစ်သုံးကာ ပြင်းပြင်းထန်ထန် ဖိနှိပ်မှုများ ပြုလုပ်နေခြင်းလည်း ဖြစ်သည်။

https://burma.irrawaddy.com/news/2022/03/10/250471.html

---------------------------------------------------------------------------------------------------------

## ချောင်းဦး ကံကြီးကုန်းရွာက စစ်ကောင်စီတပ်ကို PDF ဝင်တိုက်

2022.03.10



စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ် ကံကြီးကုန်းရွာကို တွေ့ရစဥ်
Photo: Google Earth

စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ်က စစ်ကောင်စီတပ်သားတွေ တပ်စွဲထားတဲ့ ကံကြီးကုန်းရွာကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ ခြောက်ဖွဲ့ ပူးပေါင်းပြီး မတ်လ ၉ ရက် မနေ့က တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သားတွေနဲ့ ပျူစောထီးအဖွဲ့ ဝင် ၁၂ ဦး သေဆုံးခဲ့တယ်လို့ MGN 35 တပ်ဖွဲ့က ထုတ်ပြန်ပါတယ်။

ကံကြီးကုန်းရွာဟာ ပျူစောထီးတွေ အားကောင်းပြီး စစ်ကောင်စီတပ်ဖွဲ့ဝင်တွေ တပ်စွဲထားတဲ့ နေရာကို ဝင်ရောက် တိုက်ခိုက်ခဲ့တာလို့ မြောင်မြို့နယ် တော်လှန်ရေးတပ်ဖွဲ့ (MRA) အဖွဲ့ဝင် တစ်ဦးက ပြောပါတယ်။

**“ည ၁၂ နာရီကျော်လောက်မှာ သူတို့တပ်စွဲထားတဲ့ နေရာကို သွားတိုက်တာ၊ ၄ နာရီကျော် တိုက်ပွဲဖြစ်တယ်။ မနက်လင်းပိုင်းမှာ မုံရွာဘက်က တပ်ကူလာပြီး လက်နက်ကြီးတွေနဲ့ ပစ်လို့ နောက်ဆုတ်လာခဲ့တယ်၊ စစ်ကောင်စီက ရွာထဲမှာ နင်းမိုင်းတွေ ထောင်ထားလို့ ရဲဘော် သုံးယောက်၊ အမျိုးသမီးရဲဘော် တစ်ယောက် နင်းမိုင်းထိတယ်။ အခုတော့ ဆေးကုသမှု ခံယူနေတယ်။ အဲဒီရွာက ကျောင်းထိုင် ဘုန်းကြီး ကိုယ်တိုင် လက်နက်ကိုင်တိုက်တဲ့ရွာပါ"**

ကံကြီးကုန်းရွာက ပျူစောထီးတွေဟာ အနီးပတ်ဝန်းကျင်က ရွာသားတွေကို ဖမ်းဆီးတာ၊ ပစ္စည်းတွေယူတာ၊ PDF တပ်ဖွဲ့ဝင်တွေကို ဖမ်းဆီးသတ်ဖြတ်နေတာတွေရှိလို့ ခုလို တိုက်ခိုက်ရတာလို့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တွေဘက်က ထိခိုက်မှုနဲ့ပတ်သက်လို့ ထုတ်ပြန်ချက်မှာ ဖော်ပြထားတာမရှိ ပါဘူး။

အဲဒီတိုက်ပွဲကို Myaung Revolution Army (MRA)၊ Zero၊ MGN 35၊ Chaung U Revolution Army (CRA)၊ Farmer Revolution Force ( FRF) နဲ့ Chaung U Defense Force ( CHU-LDF) ညီနောင်တော်လှန်ရေးအဖွဲ့တွေ စုပေါင်း တိုက်ခိုက်ခဲ့တာလို့လည်း ပြောပါတယ်။

နှစ်ဖက်တိုက်ပွဲကြောင့် အဲဒီရွာထဲက နေအိမ်အချို့ ပျက်စီးခဲ့ပြီး စာရင်းအတိအကျတော့ မသိရသေးဘူးလို့ ဆိုပါ တယ်။

ထိခိုက်သေဆုံးမှု အခြေအနေတွေနဲ့ပတ်သက်လို့ RFA က သီးခြားအတည်ပြုနိုင်ခြင်း မရှိသေးပါဘူး။

စစ်ကောင်စီကတော့ မနေ့က ကံကြီးကုန်းရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေရောက်ရှိစဉ် PDF အင်အား ၅၀ ခန့်လောက်က လက်နက်ကြီး၊ လက်နက်ငယ်တွေနဲ့ ပစ်ခတ်တိုက်ခိုက် လာတဲ့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ပြန်လည်ပစ်ခဲ့ရတယ်လို့ ဒီနေ့ထုတ်ပြန်ပါတယ်။ လက်လုပ်စိန်ပြောင်းကျရောက်ပေါက်ကွဲမှုကြောင့် ကျေးရွာ အရှေ့ဘက်ခြမ်းမှာရှိတဲ့ နေအိမ်အချို့ မီးလောင်ပျက်စီးသွားတယ်လို့လည်းပါရှိပါတယ်။ ဒါပေမဲ့ နှစ်ဖက်ထိခိုက်မှု အခြေအနေနဲ့ ပတ်သက်လို့ ထုတ်ပြန်ချက်မှာ မပါရှိပါဘူး။

စစ်ကောင်စီတပ်သားတွေဟာက စစ်ကြောင်း နှစ်ခုခွဲပြီး ချောင်းဦး၊ မြင်းမူနဲ့ မြောင်မြို့နယ် အစပ်က ရွာတွေကို စစ်ကြောင်းထိုးနေတာလို့ ဒေသခံတွေက ပြောပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၃ ရက်က ကံကြီးကုန်းရွာတိုက်ပွဲမှာ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဘက်က CDM ကျောင်းဆရာတစ်ယောက် အပါအဝင် သုံးယောက် သေဆုံးခဲ့တယ်လို့ ချောင်းဦး ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ထုတ်ပြန်ထားပါတယ်။

https://www.rfa.org/burmese/news/pdf-attack-pyusawhtee-in-kangyikon-village-03102022010651.html

-----------------------------------------------------------------------------------------------------

## ဆောဒေသ ၂ ရက် တိုက်ပွဲများအတွင်း စစ်ကောင်စီတပ်ဖွဲ့ဝင် ၁၅ ဦး သေဆုံး

By မဇ္ဈိမ | 10 March 2022




စစ်ကိုင်းတိုင်း၊ ဆောဒေသတွင် စစ်ကောင်စီတပ်နှင့် မဟာမိတ် ပူးပေါင်းတပ်များ အကြား ဖြစ်ပွားခဲ့သည့် နှစ်ရက် တိုက်ပွဲများတွင် စစ်ကောင်စီတပ်ဖွဲ့ဝင် အနည်းဆုံး ၁၅ ဦး သေဆုံးကြောင်း ဆောဒေသ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ယနေ့ မတ်လ ၁၀ ရက်တွင် ထုတ်ပြန်သည်။

တိုက်ပွဲအတွင်း နောက်ထပ် စစ်ကောင်စီတပ်ဖွဲ့ဝင် ၁၀ ဦးကျော် ထိခိုက် ဒဏ်ရာများ ရရှိကြောင်း ဆိုသည်။

ဆောဒေသမှ ကျောက်ထုဘက်သို့ ဦးတည် ထွက်ခွာလာသည့် အင်အား ၁၅၀ ကျော်ပါ စစ်ကောင်စီ စစ်ကြောင်းကို ဆောနှင့် လယ်ကြီးအိုင် ကျေးရွာ အကြား၌ မတ်လ ၈ ရက်နေ့နှင့် ၉ ရက်နေ့တို့တွင် ဒေသကာကွယ်ရေး မဟာမိတ် ပူးပေါင်းတပ်များက တိုက်မိုင်းထောင် တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

"ထောင်ထားတဲ့ တိုက်မိုင်းကို တိုးတာပါ၊ နောက် ထိပ်တိုက် ရင်ဆိုင်မှုကြောင့် ကျဆုံး၊ ဒဏ်ရာရခဲ့ ကြတာပါ၊ တိုက်မိုင်းဆိုတာ တစ်ခုခုနဲ့ ထိမိတာနဲ့ ပေါက်ကွဲတဲ့ မိုင်းပါ" ဟု ဆော PDF တာဝန်ရှိသူက မဇ္ဈိမကို ပြောသည်။

တိုက်ပွဲအတွင်း ပြောက်ကျား တိုက်ခိုက်မှုကြောင့် ဒေသ ကာကွယ်ရေး မဟာမိတ် ပူးပေါင်း တပ်ဖွဲ့ဝင်များ ထိခိုက်ကျဆုံးသူ မရှိဘဲ ဆုတ်ခွာ နိုင်ခဲ့ပြီး ရှေ့တန်းပြန် PDF များကို ဒေသခံများက သပြေပန်းများဖြင့် ကြိုဆိုခဲ့ကြောင်း သိရသည်။

တိုက်ခိုက်ခံရသော စစ်ကောင်စီ စစ်ကြောင်း လက်ကျန် စစ်သားများ ကျောက်ထု ဘက်သို့ ဆက်လက် ချီတက်နေ သော်လည်း ကျောက်ထု အမြောက်တပ်သို့ မရောက်သေးကြောင်း သိရသည်။

ဒေသခံများ အနေဖြင့် အာဏာသိမ်း စစ်ကောင်စီ တပ်ဖွဲ့ဝင်များ၏ လှုပ်ရှား သွားလာမှုကို အထူး စောင့်ကြည့်ပြီး သတင်းများ ပေးပို့ကြရန် ဆော PDF တပ်ဖွဲ့က မေတ္တာရပ်ခံ ထားသည်။

ဆောဒေသတွင် ဒေသခံ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ဝင်များနှင့် အာဏာသိမ်း စစ်ကောင်စီတပ်များ အကြား နေ့စဥ် ဆက်တိုက် တိုက်ပွဲများ ဖြစ်ပွားနေပြီး နှစ်ဘက် စစ်ရေး တင်းမာနေဆဲ ဖြစ်သည်။

https://www.mizzimaburmese.com/article/101537

----------------------------------------------------------------------------------------------------------

## လက်ပန်တောရွာ စီးနင်းခံရမှု သေဆုံးသူ ၁၂ ဦး ရှိလာ

2022.03.10



၂၀၂၂ ခုနှစ် မတ်လ ၈ ရက်နေ့က စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ် လက်ပန်တောရွာတွင် စစ်ကောင်စီတပ်၏ ပစ်ခတ်မှုကြောင့် ပျက်စီးသွားသည့် အဆောက်အအုံတစ်ခုကို တွေ့ရစဉ်။ ဓာတ်ပုံ - တကိုယ်တော်သုဘရာဇာ ၊ LPDF

စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ် လက်ပန်တောရွာကို စစ်ကောင်စီတပ်က ဝင်ရောက် စီးနင်းခဲ့ပြီးနောက်ပိုင်း ဒီနေ့အထိ သေဆုံးတဲ့ အရပ်သား ၁၂ ဦးအထိ ရှိလာနေပြီး နောက်ထပ် လူသုံးဦးလည်း ပျောက်ဆုံးနေတယ်လို့ လက်ပန်တောရွာခံတွေက RFA ကို ဒီနေ့ ညနေက ပြောပါတယ်။

သေဆုံးတဲ့သူတွေက မတ်လ ၈ ရက်နေ့ လက်ပန်တောရွာကို ဝင်ရောက်စီးနင်းစဉ် စစ်ကောင်စီတပ်က ပစ်လိုက်တဲ့ လက်နက်ကြီးကျည် ထိမှန်သေဆုံးတဲ့သူတွေ ဖြစ်တယ်လို့ ဒေသခံတစ်ဦးက ပြောပါတယ်။

**“အလောင်းတွေ့တာက မနေ့ကထိ ၁၂ လောင်း ဖြစ်သွားပြီ။ ပြီးတော့ ပျောက်နေတဲ့ ရွာသား သုံးယောက် ရှိသေးတယ်။ သူတို့ရဲ့ သတင်းအစအနတော့ ဘာမှ မရသေးဘူး”**

ကနဦးသေဆုံးသူဟာ ၁၁ ဦးဖြစ်ပေမယ့် မနေ့က ဘုန်းကြီးကျောင်းဝင်းထဲမှာ သေဆုံးနေတဲ့ သက်ကြီးပိုင်း အမျိုးသမီးတစ်ဦးရဲ့ ရုပ်အလောင်းကို ထပ်မံတွေ့ရှိခဲ့တာလို့ သူက ပြောပါတယ်။

ပျောက်ဆုံးနေသူတွေကတော့ လက်ပန်တောရွာသား ဦးသိန်းလွင်၊ ကိုဖိုးချိုနဲ့ ကိုဝင်းကိုတို့ ဖြစ်တယ်လို့ သူက ပြောပါတယ်။

လက်ပန်တောရွာဖြစ်စဉ်နဲ့ ပတ်သက်လို့ စစ်ကောင်စီဘက်က ထုတ်ပြန်တာ မတွေ့ရသေး ပါဘူး။

ဒီဖြစ်စဉ်တွေနဲ့ ပတ်သက်လို့ စစ်ကောင်စီပြောခွင့်ရသူ ဗိုလ်ချုပ် ဇော်မင်းထွန်းကို RFA က ဆက်သွယ်မေးမြန်းဖို့ ကြိုးစားနေဆဲ ဖြစ်ပါတယ်။

ဒီနေ့ မနက်မှာတော့ စစ်ကောင်စီတပ်သားတွေနဲ့ ဒေသခံပြည်သူ့ကာကွယ်ရေးတပ်တွေ သီးကုန်းရွာနဲ့ အိုးဘိုရွာအကြားမှာ တိုက်ပွဲဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။

လက်ရှိမှာတော့ အိုးဘိုရွာမှာ စစ်ကောင်စီက တပ်စွဲထားတယ်လို့ ဒေသခံတွေက ပြောပါတယ်။

စစ်ကောင်စီတပ်သားတွေဟာ မတ်လ ၈ ရက်နေ့ကစလို့ လက်ပန်တော၊ ကံသာ၊ ရှမ်းရွာ၊ သီးကုန်းနဲ့ အခု အိုးဘို ရွာတို့ကို ဝင်ရောက်စီးနင်းခဲ့ပြီး နေ့စဉ်လိုလို ဒေသခံ ပြည်သူ့ ကာကွယ်ရေးတပ်တွေနဲ့ တိုက်ပွဲတွေလည်း ဖြစ်ပွားနေတာပါ။

ကံသာ၊ လက်ပန်တော၊ ရှမ်းရွာ၊ သီးကုန်း၊ အုန်းတော၊ ရွှေညောင်ပင်၊ ပြန်လက်၊ အိုးဘို စတဲ့ ရွာတွေက ဒေသခံ တစ်သောင်းလောက်ဟာလည်း ဒီနေ့ထိ ရွာတွေကို မပြန်ရဲကြသေးဘဲ ဘေးလွတ်ရာကို တိမ်းရှောင်နေကြရတယ်လို့ ဒေသခံတွေက ပြောပါတယ်။

https://www.rfa.org/burmese/news/attack-letpantaw-village-03102022081736.html

---------------------------------------------------------------------------------------------------

## ယင်းမာပင်ဘက် တိုက်ပွဲဖြစ်နေပြီး ဒေသခံ ၂၀,၀၀၀ ကျော် အိုးအိမ်စွန့် ထွက်ပြေးနေရ

10 မတ်၊ 2022 | အိသန့်စင်

စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ်ထဲက သီးကုန်းကျေးရွာနဲ့ အိုးဘိုကျေးရွာတို့ဘက်မှာ တိုက်ပွဲတွေဖြစ်နေပါတယ်။ စစ်ကောင်စီတပ်တွေက ကျေးရွာတွေကို တရွာဝင် တရွာထွက် နယ်မြေရှင်းလင်းရေး လုပ်တာကြောင့် ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်တွေနဲ့ ထိတွေ့တိုက်ပွဲပြင်းထန်နေတာ ၃ ရက်ဆက်တိုက်ရှိနေပြီး ကျေးရွာ ၉ ရွာလောက်က ပြည်သူ ၂ သောင်းကျော်လောက် ဘေးလွတ်ရာ ထွက်ပြေးပုန်းရှောင်နေကြရပါတယ်။ တိုက်ပွဲတွေအတွင်း ဒေသခံပြည်သူတချို့ သေဆုံးမှုတွေလည်းရှိနေတဲ့အကြောင်း ရန်ကုန်ကလာတဲ့သတင်းကို မအိသန့်စင်က တင်ပြပေးထားပါတယ်။

စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ်ထဲက သီးကုန်းရွာအနီးမှာ မြောက်ယမား ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နဲ့ မိတ်ဖက်အဖွဲ့တွေ စုပေါင်းထားနဲ့ ပြည်သူ့ကာကွယ်ရေးတပ်တွေနဲ့ စစ်ကောင်စီတပ်တွေ မတ်လ ၁၀ ရက် ဒီကနေ့ မနက် ၁ နာရီလောက် ကတည်းက တိုက်ပွဲတွေ ဖြစ်ခဲ့တယ်လို့ မြောက်ယမား ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ရဲ့ ပြောရေးဆိုခွင့်ရှိသူ ကိုခန့်က VOA ကို ပြောပါတယ်။

"သီးကုန်းရွာက ဘုန်းကြီးကျောင်းမှာ မနေ့က တပ်စွဲထားခဲ့တယ်။ တပ်စွဲထားခဲ့ပြီးတော့ မနေ့ က တနာရီလောက်မှာ ကျနော်တို့နဲ့ ထပ်ပြီးတော့ ထိတွေ့တိုက်ပွဲတွေ ကြီးကြီးမားမားဖြစ်တာရှိခဲ့တယ်။ ဒီကနေ့ မနက်မှာကတော့ ရန်သူစစ်ကြောင်းက သီးကုန်းရွာရဲ့ မြောက်ဘက်ပေါ့နော်။ အဲဒီဘက်ကိုတက်သွားတော့ ခု ကျနော်တို့လိုက်ပြီးတော့ လိုက်လံ ပစ်ခတ်တာတွေ ဒလစပ် ဖြစ်ခဲ့တယ်။"

ယင်းမာပင်မြို့နယ်ထဲမှာ အခုရက်ပိုင်းတိုက်ပွဲတွေကြောင့် ရှမ်းရွာ၊ ကံသာ၊ လက်ပံတော၊ သီးကုန်း၊ ပြန်လှည့်၊ ရွှေညောင်ပင်၊ ညောင်နှုန်း၊ ငဖောင်၊ အိုးဘို၊ ကျောက်ပြုတ် စတဲ့ကျေးရွာတွေက ရွာသားတွေအားလုံး ထွက်ပြေးနေကြရတာပါ။ ဒီရွာတွေကနေ စစ်ဘေးရှောင်နေကြတဲ့ အရေအတွက်က ၂ သောင်းကျော်လောက်ရှိပါတယ်။ တချို့ရွာတွေက ရွာသားတချို့က ရွာထဲက နေအိမ်တွေကို ပြန်သွားကြည့်တာမျိုး ရှိပေမယ့် အများစုကတော့ ရွာကိုပြန်မလာနိုင်ကြသေးဘူးလို့ ဒေသခံတွေက ပြောပါတယ်။

ကံသာရွာက ရွာသားတဦးကတော့ လက်ရှိမှာ စစ်ကောင်စီတပ်တွေထွက်သွားပြီမို့ ရွာကို တချို့တလေ ပြန်ဝင်လာကြပေမယ့် အများစုကတော့ ကြောက်လို့ ပြန်မလာရဲကြသေးဘူးလို့ ပြောပါတယ်။ ဗုဒ္ဓဟူးနေ့က ကံသာရွာမှာ လက်နက်ကြီးနဲ့ စစ်ကောင်စီတပ်တွေက ပစ်ခတ်လို့ ဘုန်းကြီးကျောင်းမှာ ပုန်းခိုနေတဲ့ ပြည်သူတချို့ သေဆုံးခဲ့ရပါတယ်။ လက်ရှိ ကံသာရွာထဲက စစ်ကောင်စီတပ်တွေ ထွက်သွားပြီးနောက် အခြေအနေတချို့ကို သူက ခုလိုပြောပါတယ်။

"ကျနော့်မိဘတွေကိုဆိုရင် လုံခြုံမယ်လို့ထင်တဲ့ အရပ်ဒေသဖြစ်တဲ့ ဘုန်းကြီးကျောင်းကို ပို့လိုက်တာ မှားသွားတယ်။ အမေနဲ့အဒေါ်နဲ့ ဆုံးတဲ့ထဲပါသွားတယ်။ လက်နက်ပြီးထိပြီးတော့။ ကျနော့်အိမ်က သူတို့တည်းတဲ့ နေရာနဲ့နီးတော့ အကုန်ဖျက်ဆီးသွားတယ်။ ရှိတဲ့အစားအသောက် ရေခဲသေတ္တာထဲရှိတာတွေ အကုန်ယူသွားတယ်။ ဖျာကအစပေါ့ဗျာ။ ရွာထဲမှာက ဘယ်လိုလဲဆိုတော့ ကျနော်က ကိုယ့်အိမ်ကိုပဲ အဓိကထားကြည့်ရတာပေါ့။ သူများအိမ်ကိုကျ မဝင်ရဲဘူးလေ။ ကျနော်တို့တဲက၊ တဲဆိုတာထက် လူနေဖို့ ဆောက်ထားတဲ့ အိမ်မကြီးနဲ့ ပစ္စည်းထားဖို့ ဆောက်ထားတဲ့အဆောက်အဦးကတော့ အပေါ်က သွပ်တွေ အပေါက်တွေဖြစ်ကုန်တယ်။ ရေစင်ကို ရိုက်ချိုးသွားတယ်။ ပိုက်တွေကိုရော။ အိမ်ရှေ့အခန်းကို မီးရှို့သွားတယ်။ မီးရှို့သွားလို့ ခုမီးမငြိမ်းသေးတဲ့ဟာကို မီးငြိမ်းနေရတယ်။"

စစ်ဘေးရှောင်နေရတဲ့ ပြည်သူတွေအနေနဲ့ နေထိုင်စရာ အခက်အခဲဖြစ်နေပါတယ်။ အစားအသောက်ကအစ ဘာပစ္စည်းမှသယ်မလာနိုင်ကြတာကြောင့် အရိပ်ရတဲ့ သစ်ပင်အောက်မှာ မိုးကာစတွေကို ခင်းပြီးအိပ်ရတာမျိုးတွေ ရှိသလို လှည်းပါတဲ့သူတွေ က လှည်းပေါ်မှာ အိပ်ကြရပါတယ်။ အစားအသောက်အတွက်လည်း အတော်လေးခက်ခဲတဲ့ အခြေအနေမျိုးဖြစ်နေတယ်လို့ ဒေသခံတွေက

ပြောပါတယ်။ စစ်ကောင်စီတပ်တွေက ယင်းမာပင်နယ်တခွင်မှာ စစ်အင်အားအမြောက်အများ တိုးချဲ့ထားပြီး တရွာဝင်တရွာထွက် ပြည်သူ့ကာကွယ်ရေးတပ်တွေကို လိုက်ရှာ နယ်မြေရှင်းလင်းနေပုံရတယ်လို့ ဒေသခံတွေနဲ့ ကာကွယ်ရေးတပ်တွေဘက်က ပြောဆိုကြပါတယ်။

https://burmese.voanews.com/a/whatishappeninginmyanmar-myanmarmilitarycoup-yinmarbin-voaburmese-စစ္အာဏာသိမ္းမႈ-ယင္းမာပင္-ဗီြအိုေအျမန္မာပိုင္း-/6478553.html

----------------------------------------------------------------------------------------------------

## တိုက်ပွဲငြိမ်နေပေမဲ့ ထောင်နဲ့ချီတဲ့ ကချင်စစ်ဘေးရှောင်တို့ ရွာမပြန်ရဲ

10 မတ်၊ 2022 | ရဲ မွန်

ကချင်ပြည်နယ် ပူတာအိုမြို့နယ်ဘက်မှာ ဒီရက်ပိုင်းအတွင်း တိုက်ပွဲတွေ ငြိမ်သက်နေပေမဲ့ ဒေသခံ ၃၀၀၀ ကျော်လောက်ဟာ တောတောင်တွေအတွင်းမှာပဲ ပုန်းရှောင်နေကြရပါတယ်။ တချို့တွေကတော့ မြစ်ကြီးနားနဲ့ ပူတာအိုမြို့တွေကို တိမ်းရှောင်နေကြပါတယ်။ ပူတာအိုမြို့နယ်က စစ်ရှောင်တွေရဲ့အခြေအနေ ရန်ကုန်က ပေးပို့တဲ့သတင်းကို ကိုရဲမွန် က တင်ပြထားပါတယ်။

ပူတာအိုမြို့နယ်မှာ ဖေဖော်ဝါရီလဆန်းက စတင်ပြီး တိုက်ပွဲတွေ ပြင်းထန်ခဲ့တာပါ။ တိုက်ပွဲဖြစ်ပွားပြီးနောက် ဒေသခံတွေအများစု တိမ်းရှောင်ခဲ့တဲ့ ကျေးရွာတွေကတော့ လုံရှာယန်နဲ့ ဆွမ်ပီယန်ရွာတွေဖြစ်ပါတယ်။ ဒီကျေးရွာက ထောင်နဲ့ချီတဲ့ ပြည်သူတွေဟာ တောတောင်တွေအတွင်းကို တိမ်းရှောင်နေခဲ့သလို အချို့ကတော့ အခြားမြို့ကြီးတွေကို ထွက်ခွာသွားခဲ့တာပါ။

လက်ရှိအခြေအနေမှာ ပူတာအိုမြို့နယ်အတွင်းတိုက်ပွဲတွေ ငြိမ်သက်နေပေမဲ့ ရွာသားအများစုဟာ နေရပ်မပြန်သေးဘဲ တောတောင်တွေမှာ ဆက်လက် ပုန်းခိုနေဆဲဖြစ်ကြောင်း ဒေသခံတစ်ဦးက VOA ကို ပြောပါတယ်။

“ တချို့က ရွာပြန်သွားတာရှိတယ်။ အများပိုင်းက တောမှာပဲ နေတယ်။ တချို့က မြစ်ကြီးနား၊ တချို့က ပူတာအို။ နေရာတကာ ပြေးကြတာဆိုတော့ မခန့်မှန်းနိုင်ဘူး။ အများကြီးပဲ။ အဖွဲ့လည်း မတူဘူး။ တစ်ရပ်ကွက်နဲ့ တစ်ရပ်ကွက်က တစ်နေရာ တစ်နေရာပေါ့။”

လုံရှာယန်ကျေးရွာမှာ ရပ်ကွက် ၁၁ခုရှိပြီး ရပ်ကွက်အလိုက် ကိုယ့်အစုနဲ့ကိုယ် တိမ်းရှောင်နေတာကြောင့် စာရင်းအတိအကျမသိနိုင်ကြောင်း ပြောသွားတာပါ။ ဒီရက်ပိုင်းအတွင်း တိုက်ပွဲပြင်းထန်ခဲ့တဲ့ ဆွမ်ပီယန်ကျေးရွာဘက်က အခြေအနေကို သူက အခုလို ဆက်ပြောပါတယ်။

“ အခု ဆွမ်ပီယန်ရွာမှာပဲ စစ်တပ်က တစ်အိမ်တစ်ယောက်နေကြတယ်လို့ ကားသမားတွေက ပြောကြတယ်။ ဆွမ်ပီယန်စခန်းက အခု စစ်တပ်က တခေါက်ပြန်သိမ်းတာ။ ဗမာစစ်သားတွေပေါ့။ အိမ်ရှင်တွေ မရှိတော့ တောထဲမှာပဲရှိတော့ တအိမ်မှာ ဗမာစစ်သားတစ်ယောက် တယောက်နေတာပေါ့။ ”

ဆွမ်ပီယန်နဲ့ အင်ပီယန်ကျေးရွာက တိုက်ပွဲကြောင့် တောထဲကို တိမ်းရှောင်နေတဲ့ ရွာသားတွေကို စစ်ကောင်စီတပ်သားတွေက နေရပ်ပြန်လာရင် ပစ်သတ်မယ်ဆိုတဲ့သတင်းတွေ ကချင်သတင်းမီဒီယာတွေမှာ ဖော်ပြတာတွေ ရှိခဲ့ပါတယ်။ ဆွမ်ပီယန်ရွာသားတဦးကတော့ လက်ရှိ သူတို့ အခြေအနေကို အခုလို ပြောပါတယ်။

“ လွန်ခဲ့တဲ့ တပတ်လောက်ကနေ စစ်တပ်က ရွာထဲမှာ ဝင်ပြီးမှ နေရာယူလိုက်တယ်။ ရွာသားတွေကလည်း မြစ်ကြီးနားဘက် ပြေးတဲ့သူပြေး။ ပူတာအိုဘက် ပြေးတဲ့သူပြေး။ ရွာမှာက ရွာသားတွေက မရှိတော့ဘူး။ ဒါပေမဲ့ တောတွေ တောင်တွေမှာက အနည်းအကျဉ်းတော့ ရှိတယ်။ တစ်ပတ်လောက်ရှိပြီ သူတို့က

နေရာဝင်ယူထားတာ။ ဒီမနက်ကျတော့ မနက် ၃နာရီလောက်မှာ သူတို့က အိမ်တိုင်းဝင်မွှေပြီးမှ ကောင်းတဲ့ ပစ္စည်းတွေပေါ့ အဲဒါ အကုန်လုံး ကုန်ကား ၃စီးနဲ့ အပြည့်တင်ပြီးမှ မြစ်ကြီးနားဘက်ကို ဆွဲသွားတဲ့ အနေအထား ဖြစ်နေတယ်။"

လောလောဆယ် တောတောင်တွေထဲ ပုန်းအောင်းနေသူဟာ ၁၀၀၀ ဝန်းကျင်လောက်ရှိပြီး မြစ်ကြီးနားကို ၁၀၀၀ကျော်နဲ့ ပူတာအိုကို ၁၀၀လောက် တိမ်းရှောင်နေကြောင်းနဲ့ နောက် တလောက်ကြာရင် တောထဲမှာ ပုန်းအောင်းနေသူတွေဟာ ရိက္ခာပြတ်လပ်တော့မှာ ဖြစ်ကြောင်း ပြောပါတယ်။

ပူတာအိုမြို့ လူမှုကယ်ဆယ်ရေးအသင်းက ရရှိတဲ့စာရင်းအရတော့ ဆွမ်ပီယန်ရွာက တောတောင်တွေထဲမှာ ပုန်းအောင်းနေသူ ၅၀၀ကျော်ရှိပြီး လုံရှာယန်ရွာကတော့ ၂၅၀၀ကျော်လောက်ရှိကြောင်း သိရပါတယ်။

လူမှုကယ်ဆယ်ရေးအဖွဲ့ဝင်တဦးကတော့ ဆွမ်ပီယန်ရွာ နေအိမ်က ပစ္စည်းတွေ သိမ်းယူတယ်ဆိုတဲ့ သတင်းကို အတည်မပြုနိုင်သေးကြောင်း၊ ဒါပေမဲ့ ကြက်၊ ဝက် စတဲ့ အိမ်မွေး တိရိစ္ဆာန်တွေ ဖမ်းယူသတ်ဖြတ်စားတယ် ဆိုတာတော့ ကြား သိရကြောင်း ပြောပါတယ်။

ဖေဖော်ဝါရီလ ၁ရက်နေ့ KIA နဲ့ PDF ပူးပေါင်းတပ်တွေက စစ်ကောင်စီတပ်ရဲ့ လုံရှာယန်၊ ဆွမ်ပီယန်နဲ့ ရှိန်ဂတ်ဘွမ်စခန်း တွေကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ဆွမ်ပီယန်စခန်းကို သိမ်းယူခဲ့တာပါ။

ဒီလ ၃ရက်နေ့မှာတော့ စစ်ကောင်စီတပ်က ပြန်လည်ထိုးစစ်ဆင်ပြီးနောက် ဆွမ်ပီယန်တပ်စခန်းကို ပြန်လည်သိမ်းယူခဲ့တာလည်း ဖြစ်ပါတယ်။

**ဒီရက်ပိုင်းတွေအတွင်း စစ်ကောင်စီနဲ့ KIA၊ PDF ပူးပေါင်းတပ်တွေအကြားမှာ မိုးညှင်း၊ မိုးကောင်းနဲ့ ရွှေကူစတဲ့မြို့နယ်တွေမှာ တိုက်ပွဲဖြစ်ပွားတာတွေ၊ မိုင်းခွဲတိုက်ခိုက်တာတွေ ဖြစ်ပွားနေပါတယ်။**

https://burmese.voanews.com/a/6477268.html

-----------------------------------------------------------------------------------------------

## ပူတာအိုတွင် စစ်ရှောင်ပြည်သူ ၅၀၀ ကျော် စားဝတ်နေရေး အခက်အခဲဖြစ်နေ

Published By DVB | 10 March, 2022



ဆွမ်ပီယန်နှင့် လုံရှာယန်ရွာတို့က စစ်ရှောင်များ

ဖေဖော်ဝါရီ ၁ ရက်ကစပြီး တိုက်ပွဲတွေကြောင့် ဘေးလွတ်ရာ တောတွင်းထွက်ပြေးနေရတဲ့ ကချင်ပြည်နယ် ဆွမ်ပီယန်ရွာက စစ်ဘေးရှောင်ပြည်သူ အယောက် ၅၀၀ ကျော် စားရေးသောက်ရေး အခက်အခဲနဲ့ရင်ဆိုင်နေရတယ်လို့ ဆွမ်ပီယန်ရွာခံတဦးက ပြောပါတယ်။

"တချို့က မြစ်ကြီးနားဘက်ကို ထွက်ပြေးသွားတယ်။ ကျန်တဲ့ ရွာခံ ၅၀၀ ကျော်တယ်။ အိမ်ခြေက ၁၆၀ ကျော်ခန့်နေမယ်။ တိုက်ပွဲဖြစ်တဲ့ တပတ်လောက်မှာတော့ အကူညီတွေရပါတယ်။ အကူညီရတဲ့ ပစ္စည်းတွေနဲ့ မိုးကာတဲလေးဆောက်ပြီးနေကြတာ ခုတော့ ဘာအကူညီမရတော့ စားရေးသောက်ရေး အခက်ခဲဖြစ်လာတယ်" လို့ ပြောပါတယ်။

ရိက္ခာပြတ်လို့ ရွာမှာရိက္ခာလာယူတဲ့ ဆွမ်ပီယန်ရွာခံ လူငယ်နှစ်ဦးကိုလည်း စစ်ကောင်စီက ဖမ်းဆီးခြိမ်းခြောက်တာတွေလုပ်ခဲ့သလို ရွာခံတွေရဲ့ နေအိမ်ဖောက်ထွင်းခံရတာတွေလည်း ရှိနေတယ်လို့ ရွာခံတဦးက ပြောပါတယ်။

"လူငယ်နှစ်ဦးက မတ် ၇ ရက်မှာ အကူညီလည်း မလာတော့ စားသောက်ရေးအခက်ခဲဖြစ်လာလို့ ရိက္ခာသွားယူတာပါ။ စစ်ကောင်စီဘက်က ရွာကိုမဝင်ဖို့ တားမြစ်တယ်လို့ ပြောတယ်။ ဒါပေမဲ့ စားစရာမရှိလို့ စားစရာလာယူတာပါ လို့ပြောပေမဲ့ မရဘူး၊ ဖမ်းဆီးပြီး နောက်တခါရွာကို မပြန်လာဖို့၊ ပြန်လာမယ်ဆိုရင် အကြောင်းကြားရမယ်ဆိုပြီး ခြိမ်းခြောက်မှုတွေ လုပ်နေတယ်။ ပြီးတော့ အိမ်တိုင်းလိုလို ဖောက်ထွင်းခံရတယ်။ တံခါးတွေအကုန်ပွင့်နေတယ်" လို့ ပြောပါတယ်။

ပူတာအိုမြို့နယ် ဆွမ်ပီယန်အုပ်စုက ဒေသခံပြည်သူတွေဟာ ဖေဖော်ဝါရီလကစတဲ့ စခန်းသိမ်းတိုက်ပွဲတွေကြောင့် ဘေးလွတ်ရာကို တိမ်းရှောင်နေရပြီး အရဲစွန့်ပြီး အိမ်ကိုပြန်နေတဲ့ ရွာခံတွေလည်း ရှိနေပါတယ်။

ပူတာအိုမှာ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)၊ ပြည်သူ့ကာကွယ်ရေးတပ် (PDF) ပူးပေါင်းတပ်ဖွဲ့နဲ့ စစ်ကောင်စီတို့အကြား ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလကစတင်ပြီး တိုက်ပွဲပြင်းထန်လာကာ စစ်ကောင်စီဘက်က လက်နက်ကြီး၊ လက်နက်ငယ် ပပစ်ခတ်မှုကြောင့် ဒေသခံပြည်သူ ၅ ဦး ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး သေဆုံးသူနှစ်ဦးထိ ရှိလာပြီဖြစ်ပါတယ်။

https://burmese.dvb.no/archives/521170

---------------------------------------------------------------------------------------------------------

## လေးကေ့ကော်တွင် တိုက်ပွဲဆက်ဖြစ်ပြီး စစ်ကောင်စီတပ်သား ၅ ဦးသေ၊ ၃ ဦး ဒဏ်ရာရ

Published By DVB | 10 March, 2022



ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ လေးကေ့ကော်ဒေသမှာ မတ်လ ၁၀ ရက် ဒီနေ့မနက်က KNLA၊ PDF ပူးပေါင်းတပ်တွေနဲ့ စစ်ကောင်စီတပ်တွေအကြား တိုက်ပွဲဆက်လက်ဖြစ်ပွားပြီး စစ်ကောင်စီဘက်က ၅ ဦးသေဆုံးကာ ၃ ဦး ဒဏ်ရာရရှိသွားတယ်လို့ KNLA တပ်ဖွဲ့ထံက သိရပါတယ်။

ဒီနေ့မနက် တိုက်ပွဲဖြစ်တဲ့နေရာကို KNLA နဲ့ PDF ပူးပေါင်းတပ်တွေက ရှင်းလင်းရာမှာ MA 1 သေနတ်တစ်လက်၊ ကျည်ကာအင်္ကျီတထည်၊ ဖုန်းတစ်လုံးနဲ့ တခြားစစ်အသုံးဆောင်တွေ သိမ်းဆည်းရမိခဲ့တယ်လို့ တိုက်ပွဲမှာ ပါဝင်တဲ့ KNLA စစ်သားတယောက်က ပြောပါတယ်။

တိုက်ပွဲမှာ စစ်ကောင်စီဘက်က ခြေကုပ်ယူထားတဲ့ လေးကေ့ကော်မြို့သစ် လက်နက်ကြီးတောင်ကုန်းပေါ်ကနေ 120 မမ လက်နက်နဲ့ ဖလူးလေးရွာဘက်ကို ပစ်ခတ်ခဲ့သလို လက်ငယ်တွေနဲ့လည်း မွန်းလွဲ ၂ နာရီလောက်က ပစ်ခတ်ခဲ့ပါတယ်။

လေးကေ့ကော်ဒေသမှာ မတ်လ ၉ ရက် မနက် ၉ နာရီလောက်ကလည်း KNLAနဲ့ စစ်ကောင်စီတပ် တိုက်ပွဲဖြစ်ပွားခဲ့ပြီး ညနေ ၄ နာရီလောက်မှာတော့ စစ်ကောင်စီတပ်က စစ်ရဟတ်ယာဉ်တွေနဲ့ လာရောက် ပစ်ခတ်တိုက်ခိုက်ခဲ့ပါတယ်။

https://burmese.dvb.no/archives/521387

---------------------------------------------------------------------------------------------------------------

## လေးကေကော်ဒေသတစ်ဝိုက် ရဟတ်ယာဉ် ၃ စီးဖြင့် လာရောက်ပစ်ခတ်မှု ထိခိုက်မှုမရှိဟု KNLA ပူးပေါင်းတပ်ဖွဲ့ပြော

**မတ်လ ၁၀ ရက်၊ ၂၀၂၂ ခုနှစ်။ ကေအိုင်စီ**



Photo: CJ

မြဝတီတောင်ဘက် ၉ မိုင်ခန့် အကွာအဝေးရှိ လေးကေကော်ဒေသ တစ်ဝိုက်ကို ယမန်နေ့ မတ်လ ၉ရက်နေ့တွင် စစ်ကောင်စီတပ်က Mi17 တိုက်ခိုက်ရေး ရဟတ်ယာဉ် ၃ စီးဖြင့် လာရောက်ပစ်ခတ်မှုတွင် မြေပြင်ထိခိုက်မှုတစ်စုံ တစ်ရာမရှိကြောင်း နယ်မြေခံကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် - KNLA ပူးပေါင်းတပ်ဖွဲ့ဘက်က ပြောသည်။

ယမန်နေ့ မတ်လ ၉ ရက်၊ ညနေ ၄ နာရီ ၃၀ ခန့်အချိန်က လေးကေကော်၊ ရသေ့ဂူ၊ လေးကပေါ်ရေတံခွန့်တောင် ကျောဘက်၊ မဲကနယ်စသည့်နေရာများတွင် စစ်ကောင်စီလေတပ်က Mi-17 တိုက်ခိုက်ရေး ရဟတ်ယာဉ် ၃ စီးဖြင့် လာရောက်ပစ်ခတ် ဗုံးကြဲခဲ့မှု လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

လေးကော်ဒေသတစ်ဝိုက် ထိုးစစ်ဆင်လာသည့် စစ်ကောင်စီမြေပြင်စစ်ကြောင်းများအား KNLA ပူးပေါင်းတပ်ဖွဲ့များ၏ ပိတ်ဆို့ ပစ်ခတ်ခြင်းခံရ၍ သေဆုံးဒဏ်ရာရရှိသူများပြီး ပိတ်မိနေသဖြင့် ယခုလို လေကြောင်း ပစ်ကူခေါ်ကာ တိုက်ခိုက် ဗုံးကြဲမှုလုပ်ဆောင်ခြင်းဖြစ်သည်ဟု KNLA ပူးပေါင်း တပ်ဖွဲ့ဘက်မှ တပ်မှူးတစ်ဦးက ပြောသည်။

၎င်းက "သူတို့ စစ်ကောင်စီတပ်တွေ ရသေ့ဂူ နဲ့ ရေတံခွန် တောင်ဘက်ကို ထိုးစစ်စစ်ကြောင်းနဲ့ တိုက်ဖို့ လုပ်နေတာ တစ်ပတ်ကျော်ပြီ၊ အမြောက်ကုန်းက လက်နက်ကြီးက ပစ်ကူပေးတယ်။ သူတို့ တစ်ပတ်ကျော်ပြီ ပစ်မနိုင် သေးဘူး၊ သေတာ ဒဏ်ရာရတာ ရှိလာပြီး ပြန်ဆုတ်လို့မရ ပိတ်မိနေတာမှာ လေယာဉ်လာပြီး ပစ်ကူပစ်ခိုင်းရတဲ့ အခြေအနေအထိရှိလာတဲ့ တိုက်ပွဲလို့ ပြောရမှာပေါ့နော်။ "ဟု ကေအိုင်စီသို့ ပြောသည်။

ထို့အပြင် ယမန်နေ့ တိုက်ပွဲတွင် စစ်ကောင်စီတပ်၏ မြေပြင်စစ်ကြောင်းအား ပိတ်ဆို့တိုက်ခိုက်ခံရမှုတွင် စစ်ကောင်စီဘက်မှ ၅ ဦးသေဆုံးပြီး ၃ ဦးထိခိုက်ဒဏ်ရာရှိခဲ့ပြီး KNLA ပူးပေါင်းတပ်ဖွဲ့တို့ဘက်တွင် ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်းလည်း အဆိုပါ တပ်မှူးက ဆက်ပြောသည်။

လေးကေကော်ဒေသတွင်းဖြစ်သည့် ရသေ့ဂူ၊ လေးကပေါ် ရေတံခွန်တောင်နှင့် လေးကေကော် ရပ်တော်မူ ဘုရားကုန်း အနောက်ဘက်သို့ စစ်ကောင်စီ အမြောက်ကုန်းမှ လက်နက်ကြီးများဖြင့် ပစ်ကူပြီး မြေပြင် စစ်ကြောင်းများမှ အင်အား၂၀၀ ခန့်ဖြင့် ဖြန့်ကျက်ထိုးစစ်ဆင်လာမှုကို ပြီးခဲ့သည့် မတ်လ ၂ ရက်နေ့ကတည်းက လုပ်ဆောင်လာခြင်းဖြစ်သည်ဟု မြေမြင်သတင်းအရ သိရသည်။

KNU တပ်မဟာ ၆ နယ်မြေအတွင်း စစ်ကောင်စီ၏ နယ်မြေရှင်းလင်းရေး ထိုးစစ်တိုက်ခိုက်နေမှုမှာ ၃လ ကျော် ကြာမြင့်လာပြီဖြစ်ပြီး ၎င်းထိုးစစ်ဆင်တိုက်ခိုက်မှုများကြောင့် ထိုင်း-မြန်မာနယ်စပ် လေးကေကော်ဧရိယာတွင် စစ်ဘေးရှောင် ကျေးရွာ ၅ ရွာခန့်မှ စစ်ဘေးရှောင်ပြည်သူ တစ်သောင်းဝန်းကျင်ခန့် နှင့် ဒေါနတောင် အနောက်ခြမ်း ကော့ကရိတ်တောင်ပိုင်း ဒေသကျေးရွာ ၁၀ ခန့်မှ စစ်ဘေးရှောင်နေရသူ တစ်သောင်း ဝန်းကျင်ခန့်မှာ နေရပ်စွန့်ခွာ စစ်ဘေးရှောင်နေကြရသည်ဟု စစ်ဘေးရှောင်ကူညီသူများက ပြောသည်။

ထိုစစ်ရှောင်နေရသည့် အရပ်သားပြည်သူများ နေရပ်ပြန်လည် အခြေချနေထိုင်နိုင်ရန် ကျေးရွာအတွင်း တပ်စွဲထားသည့် စစ်ကောင်စီတပ်များ ၃ ရက်အတွင်း ပြန်လည်ဆုတ်ခွာပေးရန်၊ မဆုတ်ခွာပေးပါက ဆက် လက်ဖြစ်ပေါ်လာမည့် အကျိုးဆက်များသည် စစ်ကောင်စီ၏တာဝန်သာ ဖြစ်ကြောင်း မတ်လ ၇ရက်နေ့စွဲဖြင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်သို့ အသိပေးစာထုတ်ပြန်ထားသော်လည်း မြေပြင်တိုက်ပွဲများ နေ့စဉ် ဖြစ်ပွားနေဆဲဖြစ်သည်။

https://kicnews.org/2022/03/လေးကေကော်ဒေသတစ်ဝိုက်-ရဟာ/

-----------------------------------------------------------------------------------------------

## ဒီးမော့ဆို၌ စစ်တပ်က လေကြောင်းမှ အပြင်းအထန်တိုက်ခိုက်၊ ပြည်သူ့ နေအိမ်များမီးရှို့ဖျက်ဆီး

Published By DVB | 10 March, 2022



ကရင်နီ (ကယား) ပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်ရှိ ဒေါင်ခါးကျေးရွာကို စစ်ကောင်စီတပ်က မတ် ၁၀ ရက် ဒီနေ့မနက် ၆ နာရီကျော်ကစပြီး တိုက်လေယာဉ်နဲ့ ပုံးကြဲခဲ့တဲ့အတွက် ကက်သလစ်သီလရှင်ကျောင်းဆောင်နဲ့ ဘိုးဘွားရိပ်သာ အဆောင်တွေ ထိခိုက်ပျက်စီးခဲ့ပါတယ်။

ဒေါင်ခါးရပ်ကွက်နဲ့ ကုန်းသာကျေးရွာ လမ်းမတလျှောက်အား မနက် ၆ နာရီ ၂၂ မိနစ်ကစပြီး ၆ နာရီ ၄၂ မိနစ်ထိ စစ်ကောင်စီတပ်က တိုက်လေယာဉ််တွေနဲ့ ၇ ကြိမ် အကြိမ်းဖက် ပုံးကြဲတိုက်ခိုက်ခဲ့ကြတာလို့ ကရင်နီအမျိုးသားများကာကွယ်တပ်က သတင်းထုတ်ပြန်ပါတယ်။

ဒီးမော့ဆိုမြို့နယ်၊ ပူဖားကျေးရွာဘက်မှာ မတ် ၇ ရက်ကစပြီး စစ်ကောင်စီတပ်တွေ စစ်ကြောင်းထိုး တိုးစစ်ဆင်လာပြီး ကျေးရွာအတွင်းမှာ တပ်စွဲကာ လူနေအိမ် ၃၀ ကျော်ကို မီးရှို့ဖျက်ဆီးခဲ့တယ်လို့ ဆိုပါတယ်။



ဒ့ါအပြင် မတ် ၉ ရက်က ပူဖားကျေးရွာနဲ့ သေးဆူလဲကျေးရွာတွေမှာ တပ်စွဲလှုပ်ရှားနေတဲ့ စစ်ကောင်စီတပ်ဟာ ကရင်နီပူးပေါင်းတပ်တွေနဲ့ တနေကုန်နီးပါး တိုက်ပွဲဖြစ်ပွားခဲ့ပြီး သေဆူလဲကျေးရွာရှိ နေအိမ်တွေကို မီးရှို့သွားတယ်လို့လည်း ထုတ်ပြန်ထားပါတယ်။

စစ်ကောင်စီတပ်ဖွဲ့တွေဟာ တင့်ကား ၂ စီးနဲ့ ပူဖားကျေးရွာနဲ့ သေးဆူလဲကျေးရွာရှိ လူနေအိမ်၊ ဘာသာရေး အဆောက်အဦနဲ့ စာသင်ကျောင်းတွေမှာ တပ်စွဲကာ နေ့စဉ် နေအိမ်တွင်းရှိ ပစ္စည်းတွေကိုလည်း ဖောက်ထွင်းခိုးယူနေတယ်လို့ ဆိုပါတယ်။

ကရင်နီ(ကယား)ပြည်နယ်အတွင်း တိုက်ပွဲကြောင့် သောင်းနဲ့ချီတဲ့ စစ်ဘေးရှောင်တွေဟာ အကြိမ်ကြိမ် နေရာပြောင်းရွှေ့နေရပြီး  လက်ရှိမှာတော့ ဒီးမော့ဆို အနောက် လိုဘာကို ကျေးရွာအုပ်စုနဲ့ ပန်ပက်ကျေးရွာအုပ်စုက တောတောင်တွေမှာ လုံခြုံမယ်လို့ထင်တဲ့ နေရာတွေမှာ ထွက်ပြေး တိမ်းရှောင်နေကြရပါတယ်။

ထွက်ပြေးတိမ်းရှောင်ရသူ ၆ သောင်းခွဲလောက် အတွက် အစားအသောက်၊ ကျန်းမာရေးအတွက် အကူအညီတွေလိုအပ်နေသလိုပဲ သောက်သုံးရေအခက်အခဲ ကြုံတွေ့နေရကြောင်း ကရင်နီပြည်အတိုင်ပင်ခံ ကောင်စီရဲ့ လူသားချင်းစာနာထောက်ထားမှုကော်မတီ တာဝန်ရှိသူ  ခွန်းမြင့်နိုင်က ပြောပါတယ်။

“တချို့တော့ ပြေးတုန်းလွှာတုန်းပေ့ါလေ။ အထူးသဖြင့် နောင်ပုလဲ အုပ်စုတို့၊ လွိုင်နန်းဖ အုပ်စု၊ ဆောင်ဒူလာ အုပ်စုတို့မှာ ရှိနေတဲ့ စစ်ဘေးရှောင်အုပ်စုတွေကတော့ ဟိုးဒီအနောက်ဘက်ခြမ်း လိုဘာခိုတို့၊ ဆီးဘူးတို့ဘက်ကို ပြေးလာကြတာပေ့ါလေ။ ဒီမှာကလည်း ရေအရမ်းရှားတော့ သောက်သုံးရေအတွက် အရမ်းခက်ခဲနေတာကို ကျနော်တို့ တွေ့ရတယ်။ တချို့ကလည်း ပစ္စည်းက ပါမလာတော့ နေဖို့ထိုင်ဖို့ စားဖို့သောက်ဖို့၊ အဝတ်အထည်ကအစ လိုအပ်ချက်တွေရှိတာကိုတော့ ကျနော်တို့သိရတယ်။ နဂိုမူလကတော့ ၅ သောင်းလောက် ဒီဘက်မှာ ရှိနေတဲ့ဟာက အခု ၁ သောင်းကျော် ထပ်ပြေးလာတယ်ဆိုတော့ ၆ သောင်းကျော်လောက် ဒီဘက်မှာ ရောက်နေကြတာပေ့ါလေ။”

ဒါ့အပြင် အဆိုပါဒေသတွေမှာ ရွာလုံးကျွတ်ဖျားနာနေတာရှိပြီး ဆေးဝါးအကူညီမရောက်တဲ့ အနေအထား ဖြစ်နေတယ်လို့လည်း ပြောပါတယ်။

ကရင်နီပြည်နယ်မှာ ဖြစ်ပွားတဲ့တိုက်ပွဲကြောင့် လူပေါင်း ၁၇၀,၀၀၀ ဟာ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေရတယ်လို့ လူမှုကယ်ဆယ်ရေးအဖွဲ့တွေရဲ့ မှတ်တမ်းတွေအရ သိရပါတယ်။

https://burmese.dvb.no/archives/521284

----------------------------------------------------------------------------------------------------

## ဒီးမော့ဆိုတွင် FBR အဖွဲ့ဝင် အမျိုးသမီး ၁ ဦး လက်နက်ကြီးထိမှန် ကျဆုံး

Published By DVB | 10 March, 2022



ကရင်နီ (ကယား) ပြည်နယ်မှာ မတ်လ ၈ ရက်နေ့က ပြည်သူကို ကူညီကယ်ထုတ်ရင်း ပြင်းထန်စွာ ဒဏ်ရာရခဲ့တဲ့ Free Burma Ranger အဖွဲ့ဝင် အမျိုးသမီး မအဲလစ်စဘတ်ဟာ ရရှိထားတဲ့ ဒဏ်ရာကြောင့် မတ်လ ၉ ရက်နေ့က ကျဆုံးသွားကြောင်း FBR က ထုတ်ပြန်ပါတယ်။

မအဲလစ်စဘတ်ဟာ ဒီးမော့ဆိုမြို့နယ် ဆောင်ဒူလာကျေးရွာမှာ တိုက်ပွဲအတွင်း ဒေသခံတွေကို ကူညီကယ်ဆယ် မှတ်တမ်းယူရင်း လုပ်ဆောင်နေချိန် စစ်ကောင်စီတပ်ရဲ့ လက်နက်ကြီး ရမ်းပစ်ခတ်မှုကြောင့် ဦးခေါင်းမှာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ပြီး ရရှိထားတဲ့ဒဏ်ရာနဲ့ ကျဆုံးသွားတာ ဖြစ်ပါတယ်။

မတ်လ ၈ ရက် မနက်အစောပိုင်း ၂ နာရီလောက်မှာ စစ်ကောင်စီဘက်က ဒီးမော့ဆိုမြို့နယ်၊ ဆောင်ဒူလာကျေးရွာကို လေယာဉ်နဲ့ ဗုံးကြဲ၊ လက်နက်ကြီးနဲ့ ပစ်ခတ်ခဲ့လို့ ပြည်သူ ၂ ဦး ဒဏ်ရာရပြီး ဆောင်ဒူလာ ကက်သလစ်ဘုရားကျောင်းနဲ့ စာသင်ကျောင်း ပျက်စီးသွားပါတယ်။

အဲဒီဖြစ်စဉ်အပြီး Free Burma Ranger အဖွဲ့ဝင်တွေ ကူညီကယ်ဆယ်မှု သွားလုပ်စဉ် မနက် ၉ နာရီကျော်မှာ စစ်ကောင်စီဘက်က ပစ်ခတ်လိုက်တဲ့ လက်နက်ကြီးကြောင့် အဖွဲ့ဝင်အမျိုးသမီး ၂ ဦး ဒဏ်ရာရရှိခဲ့တာဖြစ်ပြီး မအဲလစ်စဘတ်ကတော့ ရရှိထားတဲ့ဒဏ်ရာနဲ့ ကျဆုံးခဲ့ရတာ ဖြစ်ပါတယ်။

မအဲလစ်စဘတ်ဟာ ပဲခူးသားဖွားသင်တန်းကျောင်းမှ ကျောင်းသူဟောင်း သူနာပြု သားဖွားဆရာမတဦးဖြစ်ပြီး ဒီလို ကျဆုံးမှုအတွက် ဝမ်းနည်းကြောင်း သူနာပြုသင်တန်းကျောင်း ကျောင်းသားသမဂ္ဂအဖွဲ့က ထုတ်ပြန်ထားပါတယ်။

ဖေဖော်ဝါရီ ၂၄ ရက်ကလည်း ဒီးမော့ဆိုမြို့နယ် နန်းမယ်ခုံဒေသဘက်မှာ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ရှောင်ပြည်သူတွေကို ကယ်ထုတ်ရင်း Free Burma Ranger အဖွဲ့ဝင် ကျဆုံးခဲ့ရပါတယ်။

Free Burma Ranger အဖွဲ့အနေနဲ့ ပြည်သူလူထုကို ကူညီကယ်ဆယ်၊ ချစ်ခြင်းမေတ္တာမျှဝေ၊ မျှော်လင့်ချက်တွေ ဖော်ဆောင်ပေးတာနဲ့ မြေပြင်သတင်းအချက်အလက်တွေကို ကမ္ဘာသိအောင် မျှဝေခြင်း စတဲ့ လုပ်ငန်းတာဝန် လုပ်ဆောင်နေတာလို့ ထုတ်ပြန်ထားပါတယ်။

https://burmese.dvb.no/archives/521252

------------------------------------------------------------------------------------------

## တရက်တည်း စစ်ကောင်စီတပ်ဖွဲ့ဝင်အယောက် ၆၀ နီးပါးသေဆုံးဟု NUG ထုတ်ပြန်

Published By DVB | 10 March, 2022



ပြည်သူ့ခုခံတော်လှန်စစ်အတွင်း မတ် ၉ ရက် တရက်တည်း စစ်ကောင်စီတပ်ဖွဲ့ဝင် အယောက် ၆၀ နီးပါး သေဆုံးခဲ့တယ်လို့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ထုတ်ပြန်ပါတယ်။

ခုထုတ်ပြန်ထားတဲ့ အချက်လက်ဟာ မြေပြင်အခြေအနေမှာ ပိုများနိုင်ပြီး တရက်တည်း ထိခိုက်ဒဏ်ရာရရှိတဲ့သူ အရေအတွက်ကတော့ ၂၁ ယောက်ရှိခဲ့တယ်လို့ ဆိုပါတယ်။

အာဏာသိမ်းစစ်အုပ်စုရဲ့ ပြည်သူလူထုအပေါ် အကြမ်းဖက်ဖိနှိပ်ဖမ်းဆီး တိုက်ခိုက်သတ်ဖြတ်နေမှုတွေကို ပြည်သူလူထုတရပ်လုံးက အသက်ရှင်သန်ရေးအတွက် ခုခံကာကွယ်ပိုင်ခွင့်အရ ပြည်သူ့ခုခံစစ်ကို ဆင်နွှဲနေကြတာပါ။

နိုင်ငံတဝန်းမှာတော့ မြန်မာပြည်သူတွေဟာ စစ်အာဏာရှင်စနစ် မြန်မာ့မြေပေါ်မှ အပြီးတိုင်ချုပ်ငြိမ်းရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီတည်ဆောက်ရေးအတွက် ငြိမ်းချမ်းစွာဆန္ဒပြတဲ့ လူထုသပိတ်တိုက်ပွဲတွေ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အနှံ့အပြား ဖြစ်ပွားနေပါတယ်။

လူထုသပိတ်တိုက်ပွဲတွေအနေနဲ့ မနေ့က တရက်တည်းမှာ တနင်္သာရီတိုင်း၊ မန္တလေးတိုင်းနဲ့ မကွေးတိုင်းတွေမှာ ၁ ကြိမ်စီ၊ ကချင်ပြည်နယ်နဲ့ ရန်ကုန်တိုင်းတို့မှာ ၂ ကြိမ်စီ၊ စစ်ကိုင်းတိုင်းမှာ ၁၃ ကြိမ်နဲ့ အများဆုံးဖြစ်ပွားခဲ့တယ်လို့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ထုတ်ပြန်ထားပါတယ်။

ဒါ့အပြင် မြန်မာပြည်တွင်း ပြည်သူ့ခုခံတော်လှန်စစ် အရှိန်မြင့်ဖြစ်ပွားနေပြီး ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၇ ရက်ကနေ မတ် ၆ ရက်အထိ ၁ လအတွင်း စစ်ကောင်စီတပ်ဖွဲ့ဝင် ၂၀၉၅ ယောက် သေဆုံးခဲ့တယ်လို့လည်း NUG က ထုတ်ပြန်ထားပါတယ်။

ဒါဟာ NUG အစိုးရက အရေးပေါ်အခြေအနေ ကြေညာချက် ထုတ်ပြန်ပြီးကာလ ဆဋ္ဌမ ၁ လတာအတွင်း စာရင်းကောက်ယူထုတ်ပြန်ထားတာဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိတဲ့သူ အရေအတွက်ကတော့ ၆၃၇ ယောက် ရှိခဲ့တယ်လို့ ဆိုပါတယ်။

https://burmese.dvb.no/archives/521241

----------------------------------------------------------------------------------------------------

## စစ်ကောင်စီတပ် ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ကျဆုံးပြည်သူ ၁၆၄၀ ထိရှိလာ

Published By DVB | 10 March, 2022




မြန်မာနိုင်ငံမှာ မတရားအာဏာသိမ်း ၁ နှစ်ကျော်ကာလ စစ်ကောင်စီတပ်တွေ အကြမ်း ဖက်ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ကျဆုံးပြည်သူအယောက် ၁၆၄၀ နဲ့ ဖမ်းဆီးထိန်း သိမ်းခံရသူပေါင်း ၁၂၉၈၈ ယောက်ထိရှိခဲ့တယ်လို့ နိုင်ငံရေးအကျဉ်းသားများကူညီစောင့် ရှောက်ရေးအသင်း (အေအေပီပီ) က ထုတ်ပြန်ပါတယ်။

ဒီစာရင်းဟာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ မတ် ၉ ရက်အထိ အေအေပီပီက ကောက်ယူမှတ်တမ်းပြုစုထားတာဖြစ်ပြီး

အမှန်တကယ်ကျဆုံးသူတွေဟာ ဒီ ထက်ပိုနိုင်တယ်လို့ ဖော်ပြထားပါတယ်။

နွေဦးတော်လှန်ရေးကာလအတွင်း ဒီနေ့အထိ ၉၅၅၉ ယောက် လက်ရှိချုပ်နှောင်ခံထားရဆဲဖြစ်ပြီး အဲဒီထဲက ၈၃၃ ယောက်ကတော့ ထောင်ဒဏ်ချမှတ်ခံထားရပါတယ်။

ပြစ်ဒဏ်ကျခံရသူတွေထဲက အသက် ၁၈ နှစ်အောက် ကလေး ၂ ယောက်အပါအဝင် ၄၅ ယောက်ကတော့ သေဒဏ်ချမှတ်ခံထားရတယ်လို့ ဆိုပါတယ်။

ဖမ်းဝရမ်းထုတ်ခံထားရတာကြောင့် တိမ်းရှောင်နေသူ ၁၉၇၃ ယောက်ထဲက မျက်ကွယ် သေဒဏ်ချမှတ်ခြင်းခံထားရသူ ၃၉ ယောက်အပါအဝင် ၁၁၈ ယောက်ကတော့ မျက်ကွယ် ပြစ်ဒဏ်ချခံထားရပြီး သေဒဏ်ချမှတ်ခံထားရသူ စုစုပေါင်း ၈၄ ယောက် ရှိပြီဖြစ်ပါတယ်။

ပြီးခဲ့တဲ့ မတ် ၈ ရက်က စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ လက်ပန်တောကျေး ရွာကို အကြမ်းဖက်စစ်အုပ်စုတပ်က ဝင်ရောက်စီးနင်းခဲ့ပြီး လက်နက်ကြီးတွေနဲ့ ပစ်ခတ်ခဲ့တာကြောင့် လက်ပန်တောကျေးရွာ ဘုန်းကြီးကျောင်းမှာ ခိုလှုံနေတဲ့ စစ်ဘေးရှောင် ပြည် သူ ၈ ယောက် လက်နက်ကြီးထိမှန်ကာ နေရာတင် ကျဆုံးသွားခဲ့ကြောင်း သိရှိရပါတယ်။

အဆိုပါစစ်ဘေးရှောင်ပြည်သူ ၈ ယောက်ဟာ လက်ပန်တောကျေးရွာက အသက် ၉၃ နှစ်အရွယ် ဒေါ်တင်ညွန့်၊ အသက် ၇၀ ကျော်အရွယ် ဦးသန်းမောင်၊ အသက် ၃၀ အရွယ် မမို့မို့ဝင်း၊ သူ့ရဲ့သား ၂ ယောက်ဖြစ်တဲ့ အသက် ၇ နှစ်အရွယ် မောင်မြတ်ဘုန်းနိုင်၊ အသက် ၉ နှစ် အရွယ် မောင်စွမ်းထက်နိုင်နဲ့ အသက် ၇၀ ကျော်အရွယ် မိခင်ဖြစ်သူ ဒေါ်သိန်းလှ၊ ကံသာကျေးရွာက အသက် ၇၀ ကျော်အရွယ် ဦးသိန်းမောင်နဲ့ ဦးအုန်းလှိုင်တို့ဖြစ်ကြောင်း သိရပါတယ်။

ဒ့ါအပြင် ဖေဖော်ဝါရီ ၂၅ ရက်ညနေ ၅ နာရီလောက်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဗ မာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗကသများအဖွဲ့ချုပ်)ရဲ့ မြို့နယ်သမဂ္ဂ အသီးသီးက ဗကသကျောင်းသားတွေ(ယာယီ) တည်းခိုနေထိုင်နေကြတဲ့ မရမ်းကုန်းမြို့ နယ်၊ (၃) ရပ်ကွက်ရှိ နေအိမ်တွေကို အကြမ်းဖက်စစ်အုပ်စုတပ်က အင်အားအလုံးအရင်းနဲ့ ပစ်ခတ်ကာ ဝင်ရောက်စီးနင်းခဲ့ကြတယ်လို့ သိရပါတယ်။

အဆိုပါစီးနင်းမှုအတွင်း ဗကသ ကျောင်းသား ၈ ယောက်ဖမ်းဆီးခံခဲ့ရပြီး အခြေခံပညာကျောင်းသားများသမဂ္ဂ (ဗကသများ အဖွဲ့ချုပ်)ရဲ့ ဥက္ကဋ္ဌ(ဟောင်း) ကိုညီမင်းသူဟာ ရင်ညွန့်ကို ကျည်ထိမှန်ကာ နေရာတင် ကျ ဆုံးသွားခဲ့တယ်လို့ သိရပါတယ်။

အရပ်ဘက်အဖွဲ့အစည်းတွေက ခေါင်းဆောင်တွေ၊ အရပ်သားတွေ၊ တက်ကြွလှုပ်ရှားသူတွေ၊ သတင်းသမားတွေ၊ CDM လှုပ်ရှားနေတဲ့ ဝန်ထမ်းတွေစတဲ့ နယ်ပယ်အသီးသီးမှ ဘယ်သူမဆို ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားစွဲဆိုခံထားရတာတွေနဲ့ ပတ်သက်လို့ နွေဦးတော်လှန်ရေးကာလအတွင်း ကျဆုံးသွားသူတွေရဲ့ အချက်အလက်တွေကိုသိရှိပါက အေအေပီပီကို ဆက်သွယ်အသိပေး အကြောင်းကြားနိုင်ပါတယ်။

ဒ့ါအပြင် ကျဆုံးအချက်အလက်တွေကို ဖော်ပြပါ fatality-data@aappb.org အီးမေးလ်နဲ့ အဖမ်းအဆီးအချက်အလက်တွေကို detention-data@aappb.org အီးမေးလ်တွေဆီလည်း တိုက်ရိုက်ပေးပို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း အသိပေးထားပါတယ်။

https://burmese.dvb.no/archives/521153

-----------------------------------------------------------------------------------------------------------

## မြန်မာ့ဒီမိုကရေစီ ခုခံရေးလှုပ်ရှားမှု အောင်ပွဲခံနိုင်သည်

Matthew B. Arnold | 10 March 2022PDF

မြန်မာ့ဒီမိုကရေစီအတွက် ခုခံရေးလှုပ်ရှားမှုသည် အောင်မြင်နိုင်ပြီး မှန်ကန်သော လုပ်ရပ်ဖြစ်သောကြောင့် ထိုလှုပ်ရှားမှုကို ကမ္ဘာက ထောက်ခံရန် လိုအပ်သည်။ အာဏာကို လုယူရန်အတွက် မြန်မာစစ်အုပ်စု

အာဏာသိမ်းခဲ့သည်မှာ တနှစ်ကျော် ကြာပြီဖြစ်သော်လည်း စစ်ကောင်စီသည် နိုင်ငံအပေါ် ထိန်းချုပ်မှုကို ခိုင်မာအောင် မလုပ်နိုင်သေးပေ။

ထိုအချိန်အတွင်းတွင် ကျယ်ပြန့်သော လက်နက်ကိုင် ခုခံမှု ပေါ်ပေါက်လာပြီး စစ်ကောင်စီသည် ခုခံမှုကို နှိမ်နင်းရန်အတွက် ရက်စက်ကြမ်းကြုတ်မှုများကို တနေ့ပြီးတနေ့ ကျူးလွန်နေသည်။ စစ်အုပ်စု၏ အင်အားကို ပိုမို တွက်ထားသည်မှာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်သည်။

သုတေသီများသည် ပေါ့ဆစွာဖြင့် စစ်အင်အားကို ၃ သိန်းခွဲဟု တွက်ချက်ပြီး ချေမှုန်း၍ မရနိုင်ကြောင်း ပြောကြသည်။ ဗိုလ်ချုပ်များသည် တနိုင်ငံလုံး အုံကြွမှုကို ဆွပေးလိုက်သောကြောင့် စစ်အုပ်စုကို ချေမှုန်း၍ ရနိုင်သည်။

*မြန်မာနိုင်ငံသည် စစ်တပ်ဆိုသည့် အဖွဲ့အစည်းတခုတည်းနှင့်သာ ရန်သတ်နေရသော နိုင်ငံ ဖြစ်သည်။ ထိုပြည်တွင်းစစ်သည် သာမန်ပြည်သူများက နှစ်ဘက်လုံးကို ရပ်ကြည့်နေသည့် စစ်ပွဲမဟုတ်ပေ။ ထိုစစ်ပွဲသည် သာမန်ပြည်သူများက စစ်တပ်ကို တော်လှန်တိုက်ခိုက်သည့် အမျိုးသားအုံကြွမှု ဖြစ်သည်။*

မြန်မာနိုင်ငံသည် စစ်တပ်ဆိုသည့် အဖွဲ့အစည်းတခုတည်းနှင့်သာ ရန်သတ်နေရသော နိုင်ငံ ဖြစ်သည်။ ထိုပြည်တွင်းစစ်သည် သာမန်ပြည်သူများက နှစ်ဘက်လုံးကို ရပ်ကြည့်နေသည့် စစ်ပွဲမဟုတ်ပေ။ ထိုစစ်ပွဲသည် သာမန်ပြည်သူများက စစ်တပ်ကို တော်လှန်တိုက်ခိုက်သည့် အမျိုးသားအုံကြွမှု ဖြစ်သည်။

စစ်အာဏာသိမ်းမှုသည် သေရေးရှင်ရေး အတိုင်းအတာအထိ ဖြစ်စေသည့် ဗိုလ်ချုပ်များ၏ ကြီးမားသော အမှားဖြစ်သည်။ ဒေသအခေါ် ပြည်သူ့ကာကွယ်ရေးတပ် (PDF) များဟု ခေါ်သည့် မိမိကိုယ်မိမိ ခုခံကာကွယ်ရေး တပ်များသည် လက်နက်ကိုင် ပုန်ကန်ကြသည်။ ခုခံရေးလှုပ်ရှားမှုသည် ဗမာများနေထိုင်သည့် အလယ်ပိုင်း ဒေသများတွင်သာမက ရန်ကုန်နှင့် မန္တလေးတွင်ပါ အမြစ်တွယ်လာသည်။

မြန်မာအမျိုးသားအုံကြွမှုသည် အရှိန်မြင့်လာသောကြောင့် စစ်အုပ်စုကို ဆန့်ကျင်သည့် အရှိန်အဟုန်သည် ပြောင်းလဲလာသည်။

စာရေးသူ၏ ခန့်မှန်းချက်အရဆိုပါက ဇန်နဝါရီလ တလတည်းတွင်ပင် စစ်ကောင်စီအပေါ် တိုက်ခိုက်မှုသည် ၂၅ ရာခိုင်နှုန်းနီးပါး တိုးလာသည်။ လွန်ခဲ့သောနှစ် ဖေဖော်ဝါရီလနောက်ပိုင်း နိုင်ငံရှိ မြို့နယ်ပေါင်း ၃၃၀ အနက် ၂၅၀ တွင် စစ်တပ်အပေါ် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။ ကိုယ့်နိုင်ငံတွင် ကိုယ်နေသော်လည်း စစ်တပ်သည် ပြည်ပမှ လာရောက်ကျူးကျော်သော နိုင်ငံခြားတပ်သဖွယ် ဖြစ်နေပြီး နေ့စဉ် အင်အားတိုးတက်လာနေသော အုံကြွမှုကို နှိမ်နင်းရန် ကြိုးစားနေသည်။

စစ်တပ်သည် စစ်မျက်နှာများစွာမှ နိုင်ငံတဝန်း အုံကြွမှုကို ရင်ဆိုင်ရန် စီစဉ်ထားသည့် စစ်တပ် မဟုတ်ပေ။ အဓိကကျသည့် ပဋိပက္ခ အခြေအနေများသည် စစ်အုပ်စုဖြစ်လိုသည့်အတိုင်း ဖြစ်မနေပေ။

ပထမဆုံးအချက်မှာ စစ်အုပ်ချုပ်ရေးကို လက်နက်ကိုင် ခုခံမှုသည် ရင်းမြစ်များအရ၊ လုံခြုံဘေးကင်းသော နေရာအရ၊ တပ်ဖွဲ့အင်အားအရ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်လာပြီး စစ်တပ်က နှိမ်နင်းမရတော့ပေ။

*စစ်တပ်သည် အဓိကကျသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (EAOs) နှင့် အပစ်အခတ် ရပ်စဲရေး လက်မှတ်ရေးထိုးရန် သို့မဟုတ် အရပ်သား အမျိုးသားညီညွတ်ရေး အစိုးရ (NUG)၊ ပြည်သူ့ကာကွယ်ရေး တပ်များ (PDFs) တို့နှင့် ကြီးထွားလာနေသော ဆက်ဆံရေးမှ လမ်းခွဲရန် ဖိအားပေးနိုင်ခြင်း မရှိပေ။*

စစ်တပ်သည် အဓိကကျသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (EAOs) နှင့် အပစ်အခတ် ရပ်စဲရေး လက်မှတ်ရေးထိုးရန် သို့မဟုတ် အရပ်သား အမျိုးသားညီညွတ်ရေး အစိုးရ (NUG)၊ ပြည်သူ့ကာကွယ်ရေး တပ်များ (PDFs) တို့နှင့် ကြီးထွားလာနေသော ဆက်ဆံရေးမှ လမ်းခွဲရန် ဖိအားပေးနိုင်ခြင်း မရှိပေ။

ဒုတိယအချက်မှာ PDF များသည် မြန်မာနိုင်ငံ တန်းတလျားတွင် အခိုင်အမာဖြစ်လာခြင်း ဖြစ်သည်။ စစ်ကောင်စီကို PDF တိုက်ခိုက်မှုများသည် ဧရာဝတီ မြစ်ဝှမ်းတလျှောက် ကျယ်ပြန့်ပြီး အထူးသဖြင့် မကွေးတိုင်း မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် ပြင်းထန်သည်။

PDF များသည် ရန်ကုန်နှင့် ပဲခူးမြို့ကြီးများတွင်လည်း အခိုင်အမာရှိနေပြီး မကွေးတိုင်းတောင်ပိုင်းတွင် အင်အားတိုးလာနေသည်။ ထိုအချက်သည် စစ်ကောင်စီတပ်များ ရင်ဆိုင်ရသည့် အကြီးမားဆုံး သေနင်္ဂဗျူဟာ ခြိမ်းခြောက်မှုဖြစ်သည်။ ထိုသေနင်္ဂဗျူဟာ ခြိမ်းခြောက်မှုသည် ဗမာအများစုနေထိုင်ရာ အလယ်ပိုင်းဒေသ တလွှားတွင် အမြစ်တွယ်နေသော လက်နက်ကိုင် ခုခံမှုဖြစ်သည်။

တတိယအချက်မှာ ယခုအခါ EAOs များနှင့် PDFs များသည် လွန်စွာ ကျိုးကြောင်းဆီလျော်သော ပူးပေါင်းဆောင်ရွက်မှုကို ထူထောင်ထားနိုင်ခြင်း ဖြစ်သည်။ လက်နက်ကိုင် ခုခံမှုအတွက် အဓိက သော့ချက်မှာ PDF များ ဩဇာ ပိုမိုထူထောင်လာခြင်း၊ ပုံမှန်ချဲ့ထွင်ခြင်းနှင့် အဓိကကျသော EAOs အမာခံအုပ်စုများက စစ်ရေးလုပ်ရှားမှု ပြုလုပ်ခြင်းဖြစ်သည်။

အထူးသဖြင့် ကရင်အမျိုးသား အစည်းအရုံး (KNU)၊ ကချင်လွတ်လပ်ရေး တပ်မတော် (KIA)၊ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) နှင့် ချင်းအမျိုးသား တပ်ဦး (CNF) တို့ ဖြစ်သည်။ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း မြောက်ပိုင်း၊ ကယား၊ ကရင်၊ မွန်ပြည်နယ်များနှင့် တနင်္သာရီတိုင်းများတွင် PDFs များသည် EAOs များနှင့် ပူးတွဲစစ်ဆင်ရေးများ ပြုလုပ်ပြီး စစ်ကောင်စီတပ်များကို တိုက်ခိုက်ကြသည်။

ချင်းပြည်နယ်နှင့် ကယားပြည်နယ်တွင် အုပ်စုသစ်များ၊ အထူးသဖြင့် ချင်းကာကွယ်ရေးတပ် CDF၊ ကရင်နီ အမျိုးသား ကာကွယ်ရေးတပ် KNDF တို့နှင့် ကာလကြာမြင့်စွာ ထူထောင်ထားသည့် EAOs များဖြစ်သည့် CNF ၊ KNPP တို့နှင့် အသီးသီး ပူးပေါင်းဆောင်ရွက်မှုများသည် မှတ်သားစရာ ကောင်းလှသည်။

ထို့အပြင် KIA သည် စစ်ကိုင်းတိုင်းမြောက်ပိုင်း တခုလုံးမှ PDF များ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ကာ KNU သည်လည်း မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းမှ PDFs များနှင့် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်နေသည်။

စတုတ္ထအချက်မှာ စစ်ကောင်စီ ထိန်းချုပ်သည့် နိုင်ငံတော်ယန္တရားသည် အားနည်းလာပြီး ခုခံရေး အင်အားစုသည် စစ်အင်အားနှင့်အတူ နယ်မြေထိန်းချုပ်ရေးသည် အရေးပါသောကြောင့် ဒေသအုပ်ချုပ်ရေးများကို အလေးထားလာသည်။

*အမျိုးသားအုံကြွမှုတွင် ထိန်းချုပ်မှု ရရှိခြင်းသည် စစ်အင်အားပေါ်တွင်သာမက လူထုထောက်ခံမှု၊ ဒေသနှင့် ကွန်ရက်များအကြောင်း သိရှိမှုအပေါ်တွင်လည်း မူတည်နေသည်။ ထိုအချက်ကြောင့် ခုခံရေးအင်အားစုများသည် စစ်ကောင်စီထက် လူထုနှင့်ပိုမိုနိုင်မာသော ဆက်ဆံရေးနှင့် ထောက်ခံမှုရနေသည်။*

အမျိုးသားအုံကြွမှုတွင် ထိန်းချုပ်မှု ရရှိခြင်းသည် စစ်အင်အားပေါ်တွင်သာမက လူထုထောက်ခံမှု၊ ဒေသနှင့် ကွန်ရက်များအကြောင်း သိရှိမှုအပေါ်တွင်လည်း မူတည်နေသည်။ ထိုအချက်ကြောင့် ခုခံရေးအင်အားစုများသည် စစ်ကောင်စီထက် လူထုနှင့်ပိုမိုနိုင်မာသော ဆက်ဆံရေးနှင့် ထောက်ခံမှုရနေသည်။

သို့သော် သမားရိုးကျ တပ်ဖွဲ့များ ပုံစံအရ စစ်အုပ်စုက အားသာနေသည်။ ထို့ကြောင့် ၎င်းတို့သည် စစ်ရေးအရ အင်အားနည်းသော နေရာများတွင် အနည်းဆုံး တစိတ်တပိုင်းအားဖြင့် ထိန်းချုပ်နိုင်ကြသည်။

ကြီးထွားနေသော လက်နက်ကိုင်ခုခံမှုကို တုံ့ပြန်သည့်အနေဖြင့် စစ်ကောင်စီသည် မြန်မာပြည်သူများအပေါ် စနစ်တကျ အကြမ်းဖက်မှု သေနင်္ဂဗျူဟာကို အကောင်အထည် ဖော်နေသည်။ စစ်ကောင်စီသည် ခုခံရေး အင်အားစုများကို ထောက်ခံသည်ဟု ၎င်းတို့ထင်သည့် အရပ်သားအားလုံးကို အပြင်းအထန် အကြမ်းဖက်ခြင်းဖြင့် ဩဇာထူထောင်ရန် ကြိုးစားသည်။

ထိုအချက်ကို ယနေ့ တနိုင်ငံလုံးတွင် အထင်အရှား မြင်တွေ့နေရပြီး စစ်တပ်သည် ခုခံရေး အင်အားစုများရှိသော နေရာများတွင် ရွာများ၊ ကျွဲနွား တိရိစ္ဆာန်များ၊ စပါးကျီများနှင့် လူများကိုပင် မီးရှို့ပြီး ကြောက်လန့်မှုကို ဖြစ်စေကာ ပြည်သူတရပ်လုံးကို မောင်းထုတ်သည်။

ထိုဖြစ်ရပ်များကို ပိုမိုလုပ်ဆောင်လာခြင်းမှာ ကမ္ဘာသည် ရုရှားက ကျူးကျော်ခံနေရသည့် ယူကရိန်းအရေးကို အာရုံစိုက်နေသည်ဟု စစ်ကောင်စီက ယူဆသောကြောင့် ဖြစ်သည်။ သို့သော် စစ်ကောင်စီ၏ ရက်စက်ကြမ်းကြုတ်မှုများကို စစ်မြေပြင်မှ အောင်ပွဲများဟု ရှုပ်ထွေးစွာ မကောက်ယူသင့်ပေ။

မြန်မာ့အလားအလာနှင့် ပတ်သက်သည့် ကမ္ဘာ့သေနင်္ဂဗျူဟာ တွက်ချက်မှု အများအပြားသည် စစ်အုပ်စု၏ အင်အားနှင့် ရေရှည်တည်တံ့နိုင်မှုအပေါ် အပြစ်အနာအဆာ မကင်းသည့် အကဲဖြတ်ချက်များတွင် အခြေခံသည်။

ပဋိပက္ခ၏ သဘောသဘာဝကို အမျိုးသားအုံကြွမှုပုံစံ ဆက်လက်ထိန်းထားနိုင်ပါက စစ်ရေးချိန်ခွင်လျှာသည် ခုခံရေး အင်အားစုများဘက်သို့ သာနေသည်။ ထို့အပြင် စစ်အုပ်စုက နိုင်ငံကို ပြည်တွင်းစစ်နှင့် ပဋိပက္ခများအကြား ဆယ်စုနှစ် ၆ ခုကြာ ထိခိုက်နစ်နာစေခဲ့သော်လည်း နိုင်ငံတကာ အသိုက်အဝန်းသည် စစ်အုပ်စု၏ ပြောဆိုချက်ဖြစ်သည့် ၎င်းတို့သည် နိုင်ငံကို စုစည်းထားသော အင်အားစုဖြစ်သည် ဆိုသည့်အချက်ကို ယုံကြည်သည့် ထောင်ချောက်တွင်လည်း မကြာခဏ မိနေကြသည်။

*လက်ရှိ အကျပ်အတည်းကို တည်ငြိမ်သော ဒီမိုကရေစီနိုင်ငံတခု ပေါ်ပေါက်ရေး ထောက်ခံရန် ထူးခြားသော အခြေအနေအဖြစ် မြင်သင့်သည်။ ထိုသို့သော ဒီမိုကရေစီနိုင်ငံသည် ဒေသတွင်း မတည်ငြိမ်မှုဖြစ်စေသည့် အကြောင်းရင်းနှင့် အာဆီယံအတွက် အရှက်ကွဲစရာ၊ လမ်းကြောင်းလွဲစရာများ မဖြစ်စေတော့သော ဒီမိုကရေစီနိုင်ငံတခု ဖြစ်သည်။*

လက်ရှိ အကျပ်အတည်းကို တည်ငြိမ်သော ဒီမိုကရေစီနိုင်ငံတခု ပေါ်ပေါက်ရေး ထောက်ခံရန် ထူးခြားသော အခြေအနေအဖြစ် မြင်သင့်သည်။ ထိုသို့သော ဒီမိုကရေစီနိုင်ငံသည် ဒေသတွင်း မတည်ငြိမ်မှုဖြစ်စေသည့် အကြောင်းရင်းနှင့် အာဆီယံအတွက် အရှက်ကွဲစရာ၊ လမ်းကြောင်းလွဲစရာများ မဖြစ်စေတော့သော ဒီမိုကရေစီနိုင်ငံတခု ဖြစ်သည်။

မြန်မာနိုင်ငံမှ ဒီမိုကရေစီ ခုခံမှုသည် ဒီမိုကရေစီကို ထောက်ခံရန်နှင့် လူ့အခွင့်အရေးကို ကာကွယ်ရန်အတွက်မျှသာ နိုင်ငံတကာ အကူအညီကို မတောင်းခံသင့်ပေ။ အခြေခံအားဖြင့်ဆိုရပါက NUG နှင့် ပိုမိုကျယ်ပြန့်သော မဟာမိတ်များက ဦးဆောင်သော ခုခံမှုသည် အောင်ပွဲရမည့် ခိုင်မာသော လမ်းကြောင်းရှိပြီး ထိုကိစ္စအောင်မြင်စေမည့် ကျွမ်းကျင်မှုကိုလည်း ပြသနေသောကြောင့် အကူအညီများကို တောင်းခံသင့်ခြင်း ဖြစ်သည်။

ရုရှားက ယူကရိန်းကို ကျူးကျော်ခြင်းသည် ရိုးရှင်းသော အမှန်တရားကို မီးမောင်းထိုးပြနေသည်။ ရက်စက်ရိုင်းစိုင်းမှုနှင့် အာဏာရှင်စနစ်အား မှန်ကန်စွာ ကာကွယ်နေသော ပြည်သူများကို ထောက်ခံခြင်းအတွက် ရှက်စရာအကြောင်း မရှိပါ။

*မြန်မာပြည်သူများသည် ထိုသို့သော ထောက်ခံမှုကို ထိုက်တန်ကြောင်း လုံလောက်ရုံသာမက ပိုမိုသောသတ္တိနှင့် ဆုံးဖြတ်ချက် ပြတ်သားမှုကို ပြသပြီးဖြစ်သည်။ ထိုဆုံးဖြတ်ချက်မှာ မိမိတို့ကိုယ်တိုင်နှင့် မိမိတို့နိုင်ငံအတွက် တိုက်ပွဲဝင်ရန် စိတ်အားထက်သန်ခြင်းပင် ဖြစ်သည်။*

အဆုံးမရှိဟု ထင်ရချိန် ပြည်ပစစ်ပွဲကို ထောက်ခံခြင်းနှင့် ပတ်သက်ပြီး သတိထားရန် လုံလောက်သော အကြောင်းလည်း ရှိသည်။ ယူကရိန်းတွင် လက်နက်ကိုင်ခုခံခြင်းကို ကမ္ဘာက ထောက်ခံသည်မှာ မှန်ကန်သည်။ သို့သော် မြန်မာနိုင်ငံအတွက် ယခုထက်မက ပိုမို လုပ်ဆောင်ရန် လိုအပ်နေသည်။

မြန်မာပြည်သူများသည် ထိုသို့သော ထောက်ခံမှုကို ထိုက်တန်ကြောင်း လုံလောက်ရုံသာမက ပိုမိုသောသတ္တိနှင့် ဆုံးဖြတ်ချက် ပြတ်သားမှုကို ပြသပြီးဖြစ်သည်။ ထိုဆုံးဖြတ်ချက်မှာ မိမိတို့ကိုယ်တိုင်နှင့် မိမိတို့နိုင်ငံအတွက် တိုက်ပွဲဝင်ရန် စိတ်အားထက်သန်ခြင်းပင် ဖြစ်သည်။

၎င်းတို့တွင် အောင်ပွဲသို့ ချီတက်မည့်လမ်းကြောင်း ရှိပြီးဖြစ်သောကြောင့် ထိုအချက်က နိုင်ငံအနေဖြင့် ပိုမိုငြိမ်းချမ်းပြီး ကြွယ်ဝချမ်းသာသည့် အနာဂတ်ကို ရှာဖွေရန် စစ်အာဏာရှင်စနစ်ကို အပြီးအပိုင် ဖြုတ်ချခြင်းဟု ဆိုလိုသည်။

*(Matthew B. Arnold သည် လွတ်လပ်သော မူဝါဒသုတေသီ ဖြစ်သည်။ သူသည် မြန်မာ့နိုင်ငံရေးနှင့် အုပ်ချုပ်ရေးကို ၂၀၁၂ ခုနှစ်ကပင် စတင်သုတေသန ပြုနေသူ ဖြစ်သည်။ ဧရာဝတီ အင်္ဂလိပ်ပိုင်းပါ Myanmar's Democratic Resistance Can Win—the World Needs to Support It ကို ဘာသာပြန်ဆိုသည်။)*

https://burma.irrawaddy.com/opinion/viewpoint/2022/03/10/250441.html

-----------------------------------------------------------------------------------------------------------

## အာဆီယံအထူးသံတမန်ကို ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်မပြုနိုင်ဟု စစ်ကောင်စီပြော

Published By DVB | 10 March, 2022



အာဆီယံ အထူးသံတမန်ရဲ့ မြန်မာပြည်ခရီးစဉ်မှာ ဖမ်းဆီးထောင်ချ တရားစွဲခံနေရတဲ့ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခွင့်ပြုမှာ မဟုတ်ဘူးလို့ စစ်ကောင်စီ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောကြားလိုက်ပါတယ်။

မြန်မာနိုင်ငံကို အခုလအတွင်း လာရောက်မယ့် အာဆီယံအထူးသံတမန် ကမ္ဘောဒီးယားနိုင်ငံခြားရေး ဝန်ကြီး ပရတ်ဆောင်ခွန်းရဲ့ ခရီးစဉ်နဲ့ပတ်သက်ပြီး ဂျပန်သတင်းဌာန ANN နဲ့ ရုပ်သံတွေ့ဆုံမေးမြန်းခန်းမှာ စစ်ကောင်စီ ပြောခွင့်ရက ပြောသွားတာပါ။

ဗိုလ်ချုပ်ဇော်မင်းထွန်းက "ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်လို့ ပြောချင်တာကတော့ ကျန်းမာရေးအခြေအနေကတော့ ကောင်းမွန်ပါတယ်။ ပြစ်ဒဏ်များနဲ့ ပတ်သက်ပြီး ရင်ဆိုင်နေရဆဲ အမှုတွေရှိပါတယ်။ တရားဥပဒေအရ တရားစွဲခံထားရတဲ့သူတွေ ပြစ်ဒဏ်ကျခံနေရတဲ့သူတွေကို ဘယ်နိုင်ငံမှ တွေ့ပေးတယ်ဆိုတာ မမြင်ဘူး။ မြန်မာနိုင်ငံအနေနဲ့လည်း သဘောထား မပြောင်းလဲပါဘူး" လို့ ပြောပါတယ်။

အာဆီယံအထူးကိုယ်စားလှယ်နဲ့ ပူးပေါင်းဆောင်ရွက်ကာ အခြေအနေ တိုးတက်ကောင်းမွန်လာစေဖို့ လုပ်ဆောင်သွားမယ်လို့လည်း ပြောကြားခဲ့ပါတယ်။

"အာဆီယံ Special Envoy ပါဝင်လာတာဖြစ်တယ်။ အာဆီယံ အထူးသံတမန်ပါဝင်လာတဲ့အခါမှာ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် ပိုမိုပြီးတော့ကျ ခိုင်မာလာမယ်၊ ပိုပြီး ကျယ်ပြန့်လာမယ်လို့ ကျနော်တို့ ယုံကြည်တယ်"လို့ ဗိုလ်ချုပ် ဇော်မင်းထွန်းက ပြောပါတယ်။

စစ်အာဏာသိမ်းထားတဲ့မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေကို တိုးတက်ကောင်းမွန်လာစေဖို့ ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး ပရတ်ဆာခွန်ကို အာဆီယံက အထူးသံတမန်အဖြစ် ခန့်အပ်ထားတာ ဖြစ်ပါတယ်။

အခုမတ်လ ၂၀ ရက်ကနေ ၂၃ ရက်အထိ ၄ ရက်ကြာ မြန်မာခရီးစဉ်အတွင်း ပြီးခဲ့တဲ့နှစ် ဧပြီလက သဘောတူညီခဲ့တဲ့ အကြမ်းဖက်မှုများ ရပ်တန့်ရေး အပါအဝင် အာဆီယံ ခေါင်းဆောင်တွေ ချမှတ်ခဲ့တဲ့ ဘုံသဘောတူညီချက် ၅ ရပ်ကို အကောင်အထည်ဖော်ဖို့ ဦးတည်ဆွေးနွေးအဖြေရှာ ဖွယ်ရှိပါတယ်။

အာဆီယံ အထူးသံတမန်ရဲ့ ကြိုးပမ်းမှုတွေကို အမေရိကန်၊ အီးယူနဲ့ ကုလသမဂ္ဂကလည်း အားပေးပြီး ကျောထောက်နောက်ခံပေးထားပါတယ်။

https://burmese.dvb.no/archives/521356

---------------------------------------------------------------------------------------------

## ASEAN အထူးသံတမန်နှင့် ပူးပေါင်းဆောင်ရွက်ရန် ဆာဆာကာဝါကို ဟွန်ဆန် တိုက်တွန်း

By ဧရာဝတီ | 10 March 2022

မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ပြန်လည်ထိန်းသိမ်းရန် အားထုတ်မှုများတွင် အရှေ့တောင်အာရှ နိုင်ငံများ အသင်း (ASEAN) ဥက္ကဌ၏ အထူးသံတမန်အဖြစ် ဆောင်ရွက်နေသော ကမ္ဘောဒီးယားနိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ပရက် ဆိုခွန်းနှင့် ပူးပေါင်းဆောင်ရွက်ရန် ဂျပန်အထူးသံတမန် မစ္စတာ ယိုဟဲအိ ဆာဆာကာဝါကို ကမ္ဘောဒီးယား ဝန်ကြီးချုပ် မစ္စတာ ဟွန်ဆန်က တိုက်တွန်းလိုက်သည်။

ထိုတောင်းဆိုမှုကို မစ္စတာ ဟွန်ဆန်နှင့် နိပ္ပွန်ဖေါင်ဒေးရှင်း ဥက္ကဌလည်းဖြစ်သော မစ္စတာ ဆာဆာကာဝါတို့ ဖနွမ်ပင်မြို့ရှိ ငြိမ်းချမ်းရေးနန်းတော်တွင် တနင်္လာနေ့က တွေ့ဆုံစဉ် တိုက်တွန်းလိုက်ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ အမျိုးသား ပြန်လည်သင့်မြတ်ရေး အထူးသံတမန်ဖြစ်သော မစ္စတာ ဆာဆာကာဝါသည် ဖြုတ်ချဖမ်းဆီးခံ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် သာမက အာဏာသိမ်းခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ပါ ကောင်းမွန်သော ဆက်ဆံရေးရှိသူဖြစ်သည်။

၂၀၂၀ ပြည့်နှစ်က သူ၏ ကြားဝင်ဆောင်ရွက်ပေးမှုကြောင့် မြန်မာစစ်အုပ်စုနှင့် ရခိုင်တိုင်းရင်းသားများ၏ ရက္ခိုင့်တပ်တော် (AA) အကြား နှစ်ပေါင်းများစွာကြာသော တိုက်ပွဲများ ရပ်ဆိုင်းသွားခဲ့သည်။ ထိုသို့ သြဇာလွှမ်းမိုးမှုများ ရှိသော်လည်း စစ်ကောင်စီသည် မစ္စတာ ဆာဆာကာဝါကို လွန်ခဲ့သောနှစ်ကုန်က မြန်မာသို့ လာရောက်စဉ် ဖမ်းဆီးခံ ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့် မပေးခဲ့ပေ။

တနင်္လာနေ့ကတင်သည့် မစ္စတာ ဟွန်ဆန်၏ တရားဝင် Facebook ပို့စ် အရ မစ္စတာ ဆာဆာကာဝါက သူသည် မစ္စတာ ဟွန်ဆန်၏ ဇန်နဝါရီလက မြန်မာနိုင်ငံခရီးစဉ်ကို ထောက်ခံကြောင်းပြောသည်။

ထိုခရီးစဉ်ကို မြန်မာပြည်သူအများစုက ရှုတ်ချကြသည်။ ထိုခရီးစဉ်သည် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို ထိပ်သီးဆွေးနွေးပွဲများ မဖိတ်သည့် ASEAN နှင့် မြန်မာအကြား ဆက်ဆံရေး ပြန်လည်ကောင်းမွန်ရန် လုပ်ဆောင်သည့် အားထုတ်မှုဖြစ်သည်။

လွန်ခဲ့သော စစ်အာဏာသိမ်းပြီးချိန်မှ စတင်ပြီး နိုင်ငံကို ဖျက်ဆီးနေသည့် အကြမ်းဖက်မှုများ ရပ်ဆိုင်းရေး အပါအဝင် အဖွဲ့၏ ဘုံသဘောတူညီချက် ၅ ချက်ကို စစ်ခေါင်းဆောင်က လေးစားလိုက်နာရန် ပျက်ကွက်သောကြောင့် သူ့ကို ဖယ်ကျဉ်ထားခြင်းဖြစ်သည်။ စစ်ကောင်စီသည် ၎င်းတို့ကို ဆန့်ကျင်သည့် လူပေါင်း ၁,၅၀၀ ကျော်ကို သတ်ဖြတ်ထားပြီး ဖြစ်သည်။

စစ်ကောင်စီသည် အကျပ်အတည်း ဖြေရှင်းရေးတွင် မည်သည့်တိုးတက်မှုမျှ မလုပ်ခဲ့ကြောင်း မစ္စတာ ဟွန်ဆန်က နောက်ပိုင်းတွင် ဝန်ခံခဲ့ပြီး အခြေအနေသည် သူ၏ အလှည့်ကျ ဥက္ကဋ္ဌ ရာထူးသက်တမ်းအတွင်း ပြေလည်မည် မဟုတ်ကြောင်း ပြောသည်။

သို့သော် တနင်္လာနေ့က တင်သည့် Facebook ပို့စ်တွင်မူ သူသည် ဥက္ကဌအနေဖြင့် မြန်မာအကျပ်အတည်း ဖြေရှင်းရေးကို ဆက်လက် အားထုတ်မည်ဖြစ်ကြောင်း ပြောပြီး မစ္စတာ ပရက်ဆိုခွန်းနှင့် ပူးပေါင်းဆောင်ရွက်ရန် မစ္စတာ ဆာဆာကာဝါကို တိုက်တွန်းခဲ့ကြောင်း ဖော်ပြသည်။

ဝန်ကြီးချုပ် ဟွန်ဆန်က မြန်မာ့အကျပ်အတည်း ဖြေရှင်းရေးတွင် မစ္စတာ ဆာဆာကာဝါ ပါဝင်ဆောင်ရွက်ရန် တောင်းဆိုခြင်းကို ထောက်ခံကြောင်း ကမ္ဘောဒီးယား ဒီမိုကရေစီ အင်စတီကျူ ဥက္ကဋ္ဌ ပါ ချန်ရိုယန်က ဧရာဝတီ သတင်းဌာနသို့ ပြောသည်။

"ဂျပန်ဟာ ဒေသတွင်း နိုင်ငံရေး ပဋိပက္ခဖြေရှင်းရာမှာ သြဇာရှိတဲ့ နိုင်ငံတွေထဲမှာ ပါတယ်ဆိုတာကို ကျနော်တို့ သတိထားမိတယ်" ဟု သူက ပြောသည်။

မစ္စတာ ပရက်ဆိုခွန်းသည် အကျပ်အတည်း အဖြေရှာရေးအတွက် မတ်လ ၂၇ မှ ၂၃ ရက်နေ့အထိ မြန်မာနိုင်ငံသို့ သွားရောက်ရန် စီစဉ်ထားသည်။ သို့သော် သူသည် ဖမ်းဆီးခံ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့် ရ၊ မရ ရှင်းရှင်းလင်းလင်း မသိရသေးပေ။

လွန်ခဲ့သောနှစ်က မြန်မာနိုင်ငံသို့ ၅ ရက်ကြာ သွားရောက် လည်ပတ်စဉ်အတွင်း မစ္စတာ ဆာဆာကာဝါသည် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့သော်လည်း မည်သူနှင့် တွေ့ဆုံသည်ကို ပြောဆိုရန် ငြင်းဆန်သည်။ သူသည် စစ်ကောင်စီခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်လည်း တွေ့ဆုံခဲ့သည်။

https://burma.irrawaddy.com/news/2022/03/10/250469.html

-----------------------------------------------------------------------------------------------------------

## မြန်မာစစ်တပ်ကို တရားစွဲနိုင်ရေး NUG ကိုယ်စားလှယ်နှင့် ဩစတြေးလျလွှတ်တော်အမတ်များ ဆွေးနွေး

Published By DVB | 10 March, 2022



အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ရဲ့ ဩစတြေးလျနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် ဒေါက်တာထွန်းအောင်ရွှေနဲ့ မြန်မာ့အရေး စိတ်ဝင်စားတဲ့ ဗစ်တိုရီးယားပြည်နယ်အမတ်တွေ ဒီနေ့ တွေ့ဆုံပြီး ဩစတြေးလျတရားရုံးမှာ စစ်တပ်ရဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို တရားစွဲဖို့ ဆွေးနွေးကြပါတယ်။

တွေ့ဆုံပွဲကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌလည်း တက်ရောက်ပြီး ကူညီနိုင်မယ့် နည်းလမ်းတွေကို မေးမြန်းခဲ့ပါတယ်။

ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းနဲ့ မကွေးတိုင်းတို့မှာ စစ်ကောင်စီတပ်တွေက လူတွေကို အစုလိုက်အပြုံလိုက် သတ်ဖြတ်တာ၊ ရွာတွေကို မီးရှို့တာနဲ့ တခြား လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို မှတ်တမ်းပြုစုထားပြီး ဩစတြေးလျ တရားရုံးမှာ တရားစွဲနိုင်ဖို့ ဆောင်ရွက်နေတယ်လို့ ဒေါက်တာထွန်းအောင်ရွှေက ပြောပါတယ်။

ရိုဟင်ဂျာတွေအပေါ် စစ်တပ်က လူ့အခွင့်အရေး ချိုးဖောက်မှုနဲ့ပတ်သက်လို့ အာဂျင်တီးနား တရားရုံးမှာ အမှုဖွင့်ထားပြီးဖြစ်သလို နိုင်ငံတကာ တရားစီရင်ရေးစနစ်ကို အသိအမှတ်ပြုတဲ့ ဩစတြေးလျမှာလည်း အလားတူ အမှုဖွင့်ဖို့ ဆောင်ရွက်တာလို့ ဆိုပါတယ်။

ဒါ့အပြင် မြန်မာပြည်က စစ်ဘေးသင့် ပြည်သူတွေကို အကူအညီပေးရေးကိစ္စ ကိုဗစ်နဲ့ စစ်တပ်အာဏာသိမ်းမှုကြောင့် ဩစတြေးလျနိုင်ငံမှာ ပိတ်မိနေဆဲ မြန်မာကျောင်းသားတွေရဲ့ နေထိုင်ခွင့်ဗီဇာ သက်တမ်းတိုးဖို့ကိစ္စ၊ ဩစတြေးလျအစိုးရက စစ်ကောင်စီအဖွဲ့ဝင်တွေရဲ့ စီးပွားရေးလုပ်ငန်းတွေကို ဒဏ်ခတ်ပိတ်ဆို့နိုင်မယ့် နည်းလမ်းတွေကိုလည်း ဒေါက်တာထွန်းအောင်ရွှေက ဆွေးနွေးပါတယ်။

လွှတ်တော်မတ်တွေကလည်း သူတို့ လုပ်ပိုင်ခွင့်ဘောင်ထဲက အတတ်နိုင်ဆုံး ကူညီသွားမယ်လို့ ပြောပါတယ်။

https://burmese.dvb.no/archives/521326

-----------------------------------------------------------------------------------------

## UPDJC နိုင်ငံရေးပါတီများအစုအဖွဲ့က ဒေါက်တာ အေးမောင် နုတ်ထွက်

2022.03.10

ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်တဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ (NSPNC) နဲ့ UPDJC နိုင်ငံရေးပါတီများ အစုအဖွဲ့တို့ မတ်လ ၆ ရက်နေ့က

နေပြည်တော်မှာ တွေ့ဆုံခဲ့ကြပြီးနောက် UPDJC ကနေ နုတ်ထွက် လိုက်ကြောင်း ရခိုင့်ဦးဆောင်ပါတီ (AFP) ဥက္ကဋ္ဌ ဒေါက်တာ အေးမောင်က RFA ကို ဒီကနေ့ ပြောပါတယ်။



ရခိုင်နိုင်ငံရေးသမား ဒေါက်တာအေးမောင်ကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့က နေပြည်တော်တွင် တွေ့ရစဉ်။ Photo: RFA

ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) နိုင်ငံရေးပါတီများ အစုအဖွဲ့ကို ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်က နောက်ထပ် သက်တမ်းနှစ်လ တိုးပေး လိုက်ပေမယ့် ပါတီရဲ့ ဂုဏ်သိက္ခာအရ အခုလို နုတ်ထွက်လိုက်တာလို့ ဒေါက်တာ အေးမောင် က ပြောပါတယ်။

**"UPDJC နိုင်ငံရေးပါတီများ အစုအဖွဲ့ကို ဗိုလ်ချုပ် ရာပြည့်က သက်တမ်းနှစ်လ ထပ်တိုးပေးတယ်။ ဒါက တရားမဝင်ဘူး။ ကျွန်တော်တို့ နိုင်ငံရေးပါတီအစုအဖွဲ့ကို ဗိုလ်ချုပ် ရာပြည့် က ဖွဲ့စည်းတာမဟုတ်ဘူး။ နိုင်ငံရေးပါတီ ၅၃ ပါတီက ဖွဲ့စည်းတာ ဖြစ်တယ်။ UPDJC သက်တမ်း အခု လေးလပြည့်သွားပြီ။ အသစ်ပြန်ဖွဲ့ရမယ်။ တချို့ပါတီတွေကလည်း သက်တမ်းတိုးဖို့ ပြောကြတာရှိတယ်။ ဒါပေမဲ့ ကျွန်တော် ကတော့ ကျွန်တော်တို့ပါတီ ဂုဏ်သိက္ခာအရ နုတ်ထွက်လိုက်တာပါ"**

ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) နိုင်ငံရေးပါတီများ အစုအဖွဲ့ကို ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ် နိုဝင်ဘာလက နိုင်ငံရေးပါတီ ၅၃ ပါတီက ပါတီ ကိုယ်စားလှယ် ၁၆ ဦးကို ရွေးချယ်ပြီး လေးလသက်တမ်းနဲ့ ယာယီ ဖွဲ့စည်းခဲ့တာပါ။

အာဏာမသိမ်းခင်တုန်းက ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) နိုင်ငံရေးပါတီများ အစုအဖွဲ့မှာ တိုင်းရင်းသားနဲ့ ပြည်မနိုင်ငံရေးပါတီပေါင်း ၉၃ ပါတီ ပါဝင်ခဲ့ပါတယ်။

အာဏာသိမ်းပြီးနောက်ပိုင်းမှာတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်(SNLD)ပါတီ၊ ရခိုင် ဒီမိုကရေစီအဖွဲ့ချုပ်(ALD) ပါတီအပါအဝင် ပါတီပေါင်း ၄၀ ဟာ စစ်ကောင်စီလက်အောက်ခံ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်(UEC) ရဲ့ အစည်းအဝေးကို တက်ရောက်ခဲ့တာ မရှိပါဘူး။

ဒါကြောင့် UPDJC နိုင်ငံရေးပါတီများ အစုအဖွဲ့မှာ ၈၈ မျိုးဆက် ဒီမိုကရေစီပါတီ၊ အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်ပါတီ အပါအဝင် ပြည်မပါတီ ၇ ပါတီနဲ့ ရခိုင့်ဦးဆောင်ပါတီ(AFP)၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (SNDP)၊ လီဆူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ မွန်ညီညွတ်ရေးပါတီ၊ ကိုးကန့် ဒီမိုကရေစီနဲ့ ညီညွတ်ရေးပါတီ စတဲ့ တိုင်းရင်းသားပါတီ ကိုးခုက ပါတီကိုယ်စားလှယ် ၁၆ ဦးက တာဝန်ယူလုပ်ဆောင်နေတာ ဖြစ်တယ်လို့ သိရပါတယ်။

https://www.rfa.org/burmese/news/dr-ayemaung-resign-from-updjc-03102022044612.html

-----------------------------------------------------------------------------------------------------

## ဂျပန်အထူးကိုယ်စားလှယ် တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်အချို့နှင့် တွေ့ဆုံ

2022.03.10



ဂျပန်အစိုးရ၏ မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာ ဆာဆာကာဝါကို ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့က တွေ့ရစဉ်။ Photo: RFA

မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ

အထူးကိုယ်စားလှယ် မစ္စတာ ဆာဆာကာဝါနဲ့ တိုင်းရင်းသား လက်နက်ကိုင်ခေါင်းဆောင်အချို့ မတ်လ ၁၀ ရက် ဒီကနေ့ ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှာ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

မစ္စတာ ဆာဆာကာဝါဟာ ကရင်အမျိုးသားအစည်းအရုံး (KNU) ၊ ကရင်နီ အမျိုးသား တိုးတက်ရေးပါတီ (KNPP)၊ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အပါအဝင် NCA လက်မှတ်ထိုးထားတဲ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ရဲ့ ခေါင်းဆောင်တွေနဲ့ သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့ကြတာပါ။

KNU ခေါင်းဆောင် ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုးနဲ့ တွေ့ချိန်မှာ တိုက်ပွဲတွေ ပြင်းထန်ခဲ့တဲ့ လေးကေ့ကော်မြို့ အကြောင်းကို အဓိကဆွေးနွေးတာလို့ KNU ဗဟိုနိုင်ငံခြားရေးဌာန ပြောခွင့်ရသူ ပဒိုစောတောနီးက RFA ကို ပြောပါတယ်။

**“ကျွန်တော်တို့ သိရသလောက် ကျွန်တော်တို့ ဥက္ကဋ္ဌ သွားတွေ့တာက ဒီလေးကေ့ကော် မြို့သစ်နဲ့ ပတ်သက်ပြီးတော့ အားလုံးသိပြီးသားပါ။ အဲဒီတုန်းကတော့ ကျွန်တော်တို့ ဥက္ကဋ္ဌ ကိုယ်တိုင် ကမကထပြုပြီးတော့ ကရင်ပြည်နယ် ဝန်ကြီးချုပ်နဲ့ တွဲပြီး အုတ်မြစ်ချတယ်။ ကုန်ကျတဲ့ ရန်ပုံငွေအားလုံးကို နီပွန်ဖောင်ဒေးရှင်းကနေပြီးတော့ ကုန်ကျတယ်ဆိုတာလည်း သိတယ်။ မစ္စတာဆာဆာကာဝါကလည်း နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဖြစ်တယ်။ အဲဒါကြောင့် ဒီကိစ္စကို သွားတွေ့တယ်လို့ ကျွန်တော်တို့ သိရတယ်။ တခြားဟာတော့ ကျွန်တော်တို့ ဘာမှ မသိသေးဘူးဗျ။”**

မစ္စတာ ဆာဆာကာဝါဘက်က ဘာတွေ ဆွေးနွေးခဲ့တယ် ဆိုတာကိုတော့ အသေးစိတ်ပြောလို့ မရသေးပေမယ့် KNU ရဲ့ သဘောထားကတော့ လေးကေ့ကော်မြို့မှာ အရပ်သားတွေ လုံခြုံရေး အာမခံချက်အပြည့်နဲ့ ပြန်ပြီးနေထိုင်နိုင်ဖို့ ဖြစ်တယ်လို့လည်း ပဒိုစောတောနီးက ဆိုပါတယ်။

KNU ထိန်းချုပ်နယ်မြေထဲမှာရှိတဲ့ လေးကေ့ကော်မြို့သစ်ဟာ ဦးသိန်းစိန်အစိုးရလက်ထက်က ငြိမ်းချမ်းရေး အထိမ်းအမှတ်ဆိုပြီး ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းအကူအညီနဲ့ ကရင်ပြည်နယ် ဝန်ကြီးချုပ်နဲ့ KNU ဥက္ကဋ္ဌတို့ ၂၀၁၅ ခုနှစ်မှာ တည်ဆောက်ခဲ့တာဖြစ်ပါတယ်။

အာဏာသိမ်းပြီးနောက်ပိုင်း အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) ဝန်ထမ်းတွေ ဒီမြို့တွင်း ခိုလှုံ နေတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်မှာ စစ်ကောင်စီတပ်သားတွေ ဝင်ရောက်စီးနင်းရာကနေ နှစ်ဖက် တိုက်ပွဲဖြစ်ခဲ့ပြီး တစ်မြို့လုံးက ဒေသခံတွေ အိုးအိမ်စွန့်ခွာ ထွက်ပြေးနေရတာပါ။

ဒီကနေ့ မနက်ပိုင်းမှာပဲ မစ္စတာ ဆာဆာကာဝါဟာ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ခေါင်းဆောင် တွေနဲ့ပါ ထပ်မံတွေ့ဆုံခဲ့ပါတယ်။

KNPP အတွင်းရေးမှူး(၁) ခူးဒယ်နီယာကတော့ သူတို့အနေနဲ့ ကယားပြည်နယ်အတွင်း စစ်ဘေးကြောင့် ဒုက္ခရောက်နေတဲ့ အရပ်သားတွေကို လူသားချင်းစာနာမှုဆိုင်ရာ အကူ အညီတွေပေးဖို့ ဆွေးနွေးတာဖြစ်တယ်လို့ RFA ကို ပြောပါတယ်။

**“ကျွန်တော်တို့ကတော့ လူသားချင်းစာနာထောက်ထားတဲ့ အကူအညီတွေ လူထုအတွက် ရရှိဖို့ကတော့ သူနဲ့မှ မဟုတ်ဘူး၊ ကျန်တဲ့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်း ဆောင်ရွက်မယ်။ သူတို့ ဘယ်လိုထောက်ပံ့မလဲ၊ ဥပမာ-တိုက်ရိုက်လုပ်မလား၊ ကျွန်တော်တို့ ကရင်နီပြည်နယ်မှာရှိတဲ့ လူမှုအသင်းအဖွဲ့တွေနဲ့ တိုက်ရိုက်လုပ်မယ်၊ KNPP နဲ့ တိုက်ရိုက် လုပ်မယ် စသဖြင့် အဲလိုမျိုးဟာတွေကို ကျွန်တော်တို့ လက်ခံနိုင်တယ်။ စစ်ကောင်စီက တစ်ဆင့် လုပ်မယ်ဆိုရင် ကျွန်တော်တို့ မစဉ်းစားဘူး။ လက်လည်း လက်မခံဘူး”**

ဒါ့အပြင် ဂျပန်အထူးကိုယ်စားလှယ်ဟာ ဒီကနေ့ နေ့လယ်ပိုင်းမှာပဲ မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှာ ပါဝင်ခဲ့တဲ့ ဦးလှမောင်ရွှေနဲ့ ဦးအောင်နိုင်ဦး၊ ညနေပိုင်းမှာ RCSS ခေါင်းဆောင် ဗိုလ်ချုပ်ကြီးယွက်ဆစ်တို့နဲ့ သီးခြား တွေ့ဆုံခဲ့သလို PPST ခေါင်းဆောင်တွေဖြစ်တဲ့ ဗိုလ်မှူးကြီးခွန် ဥက္ကာ၊ ဗိုလ်မှူးကြီး စိုင်းငင်းတို့နဲ့လည်း တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

လက်ရှိ မြန်မာ့နိုင်ငံရေး အကျပ်အတည်းကို နိုင်ငံရေးအရ တွေ့ဆုံညှိနှိုင်းအဖြေရှာမှုတွေ ဖြစ်လာဖို့ ဂျပန် အထူးကိုယ်စားလှယ်နဲ့ ဆွေးနွေးမယ်လို့ ဒီတွေ့ဆုံမှုမတိုင်ခင် ဗိုလ်မှူးကြီးခွန်ဥက္ကာ RFA ကို ပြောထားပါတယ်။

**"လူသားချင်းစာနာမှုဆိုင်ရာ အထူးအကူအညီတွေပေးနိုင်တဲ့ နည်းလမ်းရှာရမှာပေါ့ ။ ဘာကြောင့်လဲဆိုတော့ သာမန်လူတွေက အတော်ဒုက္ခရောက်နေပြီ။ အဓိက ကတော့ အထူးကိုယ်စားလှယ်ခရီးစဉ်ကနေပြီးတော့ နည်းနာရှာပြီးတော့ လက်ရှိ ပဋိပက္ခတွေ ချုပ်ငြိမ်းနိုင်ဖို့၊ ရပ်တန့်နိုင်ဖို့ နည်းလမ်းရှာရမှာပေါ့"**

နိုင်ငံရေးနဲ့ ပတ်သက်တဲ့ ဆွေးနွေးမှု အသေးစိတ်ကိုတော့ တွေ့ဆုံးဆွေးနွေးမှုမှာပါဝင်ခဲ့တဲ့ ခေါင်းဆောင်အချို့က ရှင်းရှင်းလင်းလင်း ထုတ်ပြောတာမရှိသေးသလို RFA အနေနဲ့လည်း သီးခြားအတည်ပြုနိုင်ခြင်းမရှိသေးပါဘူး။

**"လူသားချင်းစာနာမှုဆိုင်ရာ အထောက်အကူတွေပေးရင်းနဲ့ ငြိမ်းချမ်းရေးဆွေးနွေးဖို့ကိစ္စတွေကို ချဉ်းကပ်လိမ့်မယ်လို့ ယူဆရတာပေါ့"**

တိုင်းရင်းသား လက်နက်ကိုင် ခေါင်းဆောင်တချို့ကတော့ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ရပ်တန့်နေတဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ဖြစ်လာဖို့ အခုလို လာရောက်တွေ့ဆုံတာ ဖြစ်နိုင်တယ်လို့ သုံးသပ်ကြပါတယ်။

စစ်ကောင်စီဟာ ဒီနှစ်ကုန်အထိ အပစ်အခတ်ရပ်စဲထားပြီး ငြိမ်းချမ်းရေးဆွေးနွေးဖို့ ဖိတ်ခေါ်ထားပေမယ့် တိုင်းရင်းသား လက်နက်ကိုင်အများစုကတော့ ဒီဖိတ်ခေါ်ချက်ကို အယုံအကြည်မရှိဘူးလို့ တုံ့ပြန်ထားကြပါတယ်။

မစ္စတာ ဆာဆာကာဝါဟာ စစ်ကောင်စီအတွက် ပွဲစားလာလုပ်တာဆိုရင်တော့ အောင်မြင်မှုရမှာ မဟုတ်ဘူးလို့ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ(CRPH) ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့် က ပြောပါတယ်။

**"လက်ရှိအခြေအနေမှာ ဒီလမ်းကြောင်းက ထွက်ပေါက်မရှိဘူး။ စစ်ကောင်စီက အခုသွားနေတဲ့ ရွေးကောက်ပွဲနဲ့ပဲ သွားရမယ်ဆိုတဲ့နည်းနဲ့ လာပြီး ပွဲစားလုပ်တဲ့ကိစ္စဟာ အောင်မြင်မယ့် လုပ်ရပ် မဟုတ်ဘူး။ ပြည်သူတွေရဲ့ ဆန္ဒနဲ့လည်း မကိုက်ညီဘူး။ ဘယ်လိုနည်းနဲ့မှ တရား မျှတတဲ့ အနေအထားမျိုး မရှိနိုင်လောက် အောင် ရက်စက်ကြမ်းကြုတ်မှုတွေ၊ ဖိနှိပ်မှုတွေနဲ့ ပြည်သူတစ်ရပ်လုံးကို ဒုက္ခပေးနေတဲ့ လက်နက်ကိုင် အကြမ်းဖက်အုပ်စုက လုပ်ပေးနိုင် ပါတယ်ဆိုတဲ့ ရွေးကောက်ပွဲဟာ မြန်မာနိုင်ငံအတွက် တကယ်လိုလားတဲ့ ထွက်ပေါက်တစ်ခု မဟုတ်ဘူးလို့ မြင်တယ်"**

ပြီးခဲ့တဲ့ မတ်လ ၇ ရက်နေ့မှာပဲ မစ္စတာ ဆာဆာကာဝါဟာ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့မှာ အာဆီယံဥက္ကဋ္ဌ ကမ္ဘောဒီးယားဝန်ကြီးချုပ် မစ္စတာ ဟွန်ဆန်၊ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံ အထူးကိုယ်စားလှယ်ဖြစ်တဲ့ ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီး ပရက်ဆော့ခွန်းတို့နဲ့ တွေ့ဆုံခဲ့ပါတယ်။

အဲဒီ တွေ့ဆုံမှုအတွင်း ကမ္ဘောဒီးယားဝန်ကြီးချုပ်က မြန်မာ့အရေး ဖြေရှင်းတဲ့နေရာမှာ မစ္စတာ ဆာဆာကာဝါ အနေနဲ့ အာဆီယံအထူး ကိုယ်စားလှယ်ကို ကူညီပေးဖို့ ပြောဆိုခဲ့ပါတယ်။



ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး Prak Sokhonn ကို ၂၀၁၉ ခုနှစ်က ကျင်းပသော ၁၄ ကြိမ်မြောက် ASEM အစည်းအဝေးတွင် တွေ့ရစဉ်။ (Photo: Reuters)

နိုင်ငံရေးလေ့လာသုံးသပ်သူ ဦးရဲထွန်းကလည်း မစ္စတာဆာဆာကာဝါအနေနဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ လာရောက်ဆွေးနွေးတာဟာ အာဆီယံအထူးကိုယ်စားလှယ်နဲ့ ညှိနှိုင်းဆောင်ရွက်တာ ဖြစ်နိုင်တယ်လို့ သုံးသပ်ပါတယ်။

**"ဆာဆာကာဝါကို အခု အာဆီယံဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်ကိုယ်တိုင်က သူ့ရဲ့ အာဆီယံကလွှတ်မယ့် မြန်မာကိုယ်စားလှယ်ကို ကူညီပေးဖို့ဆိုပြီးတော့ အကူအညီတောင်း ထားတာရှိတယ်။ ဆိုတော့ သူတို့ နှစ်ယောက်ပူးပေါင်းအကြံဉာဏ်ထုတ်ပြီးတော့ မြန်မာနိုင်ငံ အရေးကိစ္စ ဝင်ပြီးဆောင်ရွက်ဖို့ဆိုတဲ့ဟာ အဲဒါ သူတို့ အဓိက တာဝန်ရှိနေတယ်။ လူသားချင်း စာနာမှုဆိုင်ရာ အထောက်အကူတွေပေးရင်းနဲ့ ငြိမ်းချမ်းရေးဆွေးနွေးဖို့ကိစ္စတွေကို ချဉ်းကပ်လိမ့်မယ်လို့ ယူဆရတာပေါ့"**

အာဆီယံအထူးကိုယ်စားလှယ် ပရက်ဆော့ခွန်းကလည်း လာမယ့် မတ်လ ၂၀ ရက်နေ့မှာ မြန်မာနိုင်ငံကို လာရောက်မှာဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ အပါအဝင် နိုင်ငံရေးပါတီတွေနဲ့ပါ တွေ့ဆုံဖို့ ရှိနေပါတယ်။

တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်အချို့နဲ့ ဂျပန်အထူးကိုယ်စားလှယ် တွေ့ဆုံခဲ့တဲ့ပေါ် တုံ့ပြန်မှုရဖို့ စစ်ကောင်စီပြောခွင့်ရ ပြန်ကြားရေးဒုဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းကို RFA က ခေါ်ဆိုနေပေမယ့် ညနေ ၄ နာရီခွဲကျော်အထိ ဆက်သွယ်လို့ မရသေးပါဘူး။

ဂျပန်အစိုးရအထူးကိုယ်စားလှယ်တာဝန်အပြင် နီပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားတဲ့ မစ္စတာဆာဆာကာဝါဟာ စစ်တပ်က အာဏာသိမ်းပြီးနောက်ပိုင်း ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလက မြန်မာနိုင်ငံကို လာရောက်ချိန် စစ်ကောင်စီဥက္ကဋ္ဌနဲ့ တွေ့ဆုံခဲ့သလို ရက္ခိုင့်တပ်တော် (AA) ခေါင်းဆောင်တွေနဲ့လည်း တွေ့ဆုံခဲ့ပါတယ်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ မြန်မာနိုင်ငံကို လာရောက်ခဲ့တဲ့ ခရီးစဉ်မှာလည်း ရခိုင်ပြည်နယ်က စစ်တပ်နဲ့ ရက္ခိုင့်တပ်တော် (AA) တို့ရဲ့ တိုက်ပွဲတွေကို ရပ်တန့်အောင် အဓိကကြားဝင်ညှိနှိုင်း ပေးခဲ့သူ ဖြစ်ပါတယ်။

https://www.rfa.org/burmese/news/sasakawa-meet-ethnic-armed-leaders-in-thai-03102022071534.html

---------------------------------------------------------------------------------------------------

## ဂျပန်အထူးသံတမန်နှင့် EAOs များဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးမျှော်လင့်ချက် မရှိ

By ဧရာဝတီ | 10 March 2022

ဂျပန်မှ အထူးသံတမန်တဦးသည် မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ပြန်လည် အသက်သွင်းရေးအတွက် မြန်မာနိုင်ငံမှ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (EAOs) အချို့နှင့် တွေ့ဆုံသော်လည်း ထိုဆွေးနွေးပွဲသည် ထူးခြားသည့် ဆွေးနွေးပွဲဖြစ်မည် မဟုတ်ပေ။

မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူးသံတမန်အနေဖြင့် ယိုဟိ ဆာဆာကာဝါသည် ကရင်အမျိုးသားအစည်းအရုံး (KNU) ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)၊ မွန်ပြည်သစ်ပါတီ (NMSP) ၊ ပအိုဝ့်အမျိုးသားလွတ်မြောက်ရေးကောင်စီနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တို့မှ

ကိုယ်စားလှယ်များနှင့် ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းမိုင်၌ ယနေ့ ၂၀၂၂ ခုနှစ် မတ်လ ၁၀ ရက်တွင် တွေ့ဆုံသည်။ မြန်မာမှ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများသည် လွန်ခဲ့သောနှစ်ဖေဖော်ဝါရီတွင် စစ်ကောင်စီက အာဏာသိမ်းပြီးနောက် ရပ်ဆိုင်းနေခဲ့ပြီး ဖြစ်သည်။

KNPP မှလွဲပြီး ကျန်အဖွဲ့များအားလုံးသည် သမ္မတဟောင်းဦးသိန်းစိန်ခေတ် ၂၀၁၅ ခုနှစ်က တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်းများ ဖြစ်သည်။ လက်ရှိမြန်မာနိုင်ငံတွင် အသိအမှတ်ပြုထားသည့် လက်နက်ကိုင်အဖွဲ့အစည်း ၁၈ ခုရှိသည်။

ဆာဆာကာဝါနှင့်တွေ့ဆုံမည်ဟု မျှော်လင့်ရသူများတွင် ဦးအောင်နိုင်ဦးနှင့် ဦးလှမောင်ရွှေတို့ ပါဝင်မည်ဟု မျှော်လင့်ရသည်။ ၎င်းတို့သည် လွန်ခဲ့သောဆယ်စုနှစ်အတွင်း အစိုးရ၏ ငြိမ်းချမ်းရေး ပွဲစားများဖြစ်သည်။ ဦးလှမောင်ရွှေသည် လက်ရှိအချိန်တွင် စစ်ကောင်စီ၏ ငြိမ်းချမ်းရေး ကော်မတီသစ်တွင် ပါဝင်နေသော်လည်း ၎င်းတို့ ၂ ဦးလုံးသည် အစိုးရမဟုတ်သည့် အဖွဲ့အစည်းတခုဖြစ်သည့် ငြိမ်းချမ်းရေးနှင့်ပြန်လည်သင့်မြတ်ရေး စင်တာ၏ ကိုယ်စားလှယ်များအဖြစ် တက်ရောက်ကြမည်ဖြစ်သည်။

သို့သော် စစ်အာဏာသိမ်းမှုဖြစ်ပွားပြီးနောက် NCA သည် သေဆုံးသလောက်နီးပါးဖြစ်နေပြီး မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် ခရီးမရောက်ဘဲ ကျဆုံးသွားသည်ဟု သတ်မှတ်ထားကြသည်။ လွန်ခဲ့သောနှစ်အတွင်း မြန်မာနိုင်ငံတွင် ပဋိပက္ခများပေါက်ကွဲထွက်လာပြီး NCA လက်မှတ်ရေးထိုးထားခြင်းမရှိသော ကချင်လွတ်လပ်ရေး တပ်မတော် (KIA) အပါအဝင် အဓိက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက စစ်ကောင်စီကို တိုက်ခိုက်နေကြသည်။ စစ်ကောင်စီသည် EAOs များကို ဆွေးနွေးရန် ဖိတ်ခေါ်သော်လည်း မအောင်မမြင်ဖြစ်နေချိန်တွင် ဆာဆာကာဝါ ကြားဝင်လာခြင်းဖြစ်သည်။

နိပွန်ဖေါင်ဒေးရှင်း ဥက္ကဋ္ဌနှင့် NCA လက်မှတ်ရေးထိုးချိန်က သက်သေတဦးလည်းဖြစ်သော ဆာဆာကာဝါသည် ဖြုတ်ချဖမ်းဆီးခံ ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့်သာမက အာဏာသိမ်းခေါင်းဆောင် မင်းအောင်လှိုင်နှင့်ပါ ကောင်းမွန်သော ဆက်ဆံရေးရှိသူဖြစ်သည်။ လက်ရှိအချိန်တွင် ဂျပန်အထူးသံတမန်သည် ထိုင်းအာဏာပိုင်များနှင့် တွေ့ဆုံရန် ထိုင်းနိုင်ငံတွင် ရောက်နေသည်။

NCA လက်မှတ်ရေးထိုးထားသောအဖွဲ့များသည် ဆာဆာကာဝါနှင့် ပုံမှန် အဆက်အသွယ်ရှိနေသော်လည်း ယခု ချင်းမိုင် တွေ့ဆုံဆွေးနွေးပွဲသည် အာဏာသိမ်းပြီးနောက် ပထမဆုံးအကြိမ် လူကိုယ်တိုင် တွေ့ဆုံဆွေးနွေးခြင်းဖြစ်သည်။

ဖိတ်ကြားထားသော ပုဂ္ဂိုလ်များစာရင်းတွင် စစ်ကောင်စီနှင့် လတ်တလောတိုက်ခိုက်နေသည့် အဓိကကျသည့် အရပ်သားစင်ပြိုင်အစိုးရဖြစ်သော အမျိုးသားညီညွတ်ရေး အစိုးရ (NUG) နှင့် ၎င်း၏လက်နက်ကိုင်အဖွဲ့အစည်း ပြည်သူ့ကာကွယ်ရေးတပ် (PDFs) မှ ကိုယ်စားလှယ်များ ပါဝင်ခြင်းမရှိပေ။ EAOs များ၏ ခေါင်းဆောင်များ ဆာဆာကာဝါနှင့် တွေ့ဆုံသော်လည်း နိုင်ငံရေးဆွေးနွေးမည်မဟုတ်ဘဲ လူသားချင်းစာနာထောက်ပံ့ကူညီရေးကိုသာ ဦးတည်ဆွေးနွေးမည်ဟု သက်ဆိုင်ရာအဖွဲ့များက ပြောဆိုထားသည်။

မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆယ်စုနှစ်များစွာလေ့လာခဲ့ပြီး မြန်မာ့ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ဂျပန်၏ အခန်းကဏ္ဍကိုလေ့လာနေသော ပြည်တွင်းသုတေသီတဦးက "EAOs တွေနဲ့ စစ်ကောင်စီအကြား အပစ်အခတ်ရပ်စဲရေး ဖြစ်နိုင်မယ်လို့ ဂျပန် အထူးသံတမန်က ထင်နေတယ်။ ဒါပေမယ့် သူမေ့ထားတာက ခုခံရေးလှုပ်ရှားမှုနဲ့ စင်ပြိုင်အစိုးရဖြစ်တဲ့ အမျိုးသား ညီညွတ်ရေး အစိုးရပဲ" ဟု ပြောသည်။

NUG နှင့် စစ်ကောင်စီတို့သည် တဘက်နှင့်တဘက် အကြမ်းဖက်သမားများအဖြစ် အပြန်အလှန် သတ်မှတ်ထားသည်။ နှစ်ဘက်လုံးက တွေ့ဆုံဆွေးနွေးရန် လိုလားသည့် လက္ခဏာမပြဘဲ တဘက်နှင့် တဘက် အပြုတ်တိုက်ရန်သာ ကြိုးစားနေကြသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် သာမက မည်သည့်စေ့စပ်ညှိနှိုင်းမှုမဆိုသည် စစ်အာဏာရှင်စနစ်နှင့် စစ်ကောင်စီ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ အဆုံးသတ်ရေး ဆီသို့ ဦးတည်မည်မဟုတ်ကြောင်း ပြည်သူအများအပြားက ယုံကြည်ကြသည်။

ထိုသို့သောအခြေအနေတွင် EAOs များနှင့် တွေ့ဆုံရန် ကြိုးစားသော ဆာဆာကာဝါ၏ အခန်းကဏ္ဍမှာ ရှင်းရှင်းလင်းလင်း မရှိလှပေ။

ထိုင်းနိုင်ငံတိုင်မ်မီ ဆာဆာကာဝါသည် ကမ္ဘောဒီးယားနိုင်ငံသို့ သွားရောက်ခဲ့ပြီး ဝန်ကြီးချုပ် ဟွန်ဆန်နှင့် တွေ့ဆုံခဲ့သည်။ ဒီမိုကရေစီ ပြန်လည်ထိန်းသိမ်းရေးအတွက် မြန်မာနိုင်ငံဆိုင်ရာ ASEAN အထူးသံတမန်အဖြစ်ဆောင်ရွက်ရာတွင် ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီး ပရက် ဆိုးခွန်းနှင့် ပူးပေါင်းလုပ်ဆောင်ရန် ဆာဆာကာဝါကို ဟွန်ဆန်က တိုက်တွန်းသည်။

ပရက်ဆိုခွန်းသည် မြန်မာအကျပ်အတည်း အဖြေရှာရန် အားထုတ်မှုအဖြစ် မတ်လ ၂၀ ရက်နေ့မှ ၂၇ ရက်နေ့အထိ မြန်မာသို့ ၄ ရက်ကြာ လာရောက်ရန် စီစဉ်ထားသည်ဟု ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက မတ်လ ၉ ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။

သို့သော်လည်း ယခု ချင်းမိုင် တွေ့ဆုံဆွေးနွေးပွဲအတိုင်း အကြောင်းထူးစရာ ရှိမည် မဟုတ်ပေ။

https://burma.irrawaddy.com/opinion/editorial/2022/03/10/250455.html

-----------------------------------------------------------------------------------------------------------

## KNU နှင့် နိုပွန်ဖောင်ဒေးရှင်း ဥက္ကဌများတွေ့ဆုံမှု နိုင်ငံရေးကိစ္စ ဆွေးနွေးခြင်းမဟုတ်

**မတ်လ ၁၀ ရက်၊ ၂၀၂၂ ခုနှစ်။ ကေအိုင်စီ**




KNU-ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာဆာဆာကာဝါတို့ ယနေ့ မေလ ၁၀ရက်နေ့ နံနက်တွင် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့၌ တွေ့ဆုံမှုသည် နိုင်ငံရေးကိစ္စအတွက် တွေ့ဆုံဆွေးနွေးခြင်းမဟုတ်ကြောင်း KNU-နိုင်ငံခြားရေးဌာနတာဝန်ခံ ပဒိုစောတောနီးက ပြောသည်။

KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးနှင့် ကာကွယ်ရေးဌာနတာဝန်ခံ ပဒိုစောရောဂျာခင်တို့က မစ္စတာဆာ ဆာကာဝါနှင့်တွေ့ဆုံမှုမှာ လေးကော်မြို့သစ်ကိစ္စ တွေ့ဆုံခြင်းသာဖြစ်ပြီး နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန်မပါဝင်ကြောင်း ပဒိုစောတောနီးက ယခုလို ပြောသည်။

၎င်းက "လေးကေကော်မြို့သစ်တည်ဆောက်တုန်းက နီပွန်ဖောင်ဒေရှင်းက ကူညီပေးတာတွေရှိခဲ့တယ်ဆိုတော့ အဲဒီကိစ္စကို ဥက္ကဋ္ဌကသွားပြီးတွေ့ဆုံတာ ဖြစ်ရင်လည်းဖြစ်နိုင်တယ်။ ကျနော်တို့အဖွဲ့အစည်းကိစ္စတွေနဲ့တော့ ပြောဖို့အစီအစဉ် ဘာမှမရှိဘူး။ ငြိမ်းချမ်းရေးကိစ္စအတွက် စစ်ကောင်စီဘက်က သူတို့နဲ့တွေ့ဆုံဆွေးနွေးဖို့ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလကတည်းက လုပ်နေတာ။ ကျနော်တို့ KNU ကတော့ လက်ရှိနိုင်ငံရေးအတွက် တွေ့ဆုံဆွေးနွေးဖို့ မလုပ်ဘူး။ အဲဒီကိစ္စကို လစ်လျူရှုထားတာကြာပြီး။"ဟု ပဒိုစောတောနီးက ကေအိုင်စီသို့ ပြောသည်။

ထို့အပြင် အဆိုပါတွေ့ဆုံမှုတွင် ဆွေးနွေးသည့် အကြောင်းအရာ အသေးစိတ် ကိုမူလည်း မသိရှိရသေးကြောင်း ပဒိုစောတောနီးက ဆက်ပြောသည်။

ဂျပန်အထူးကိုယ်စားလှယ် မစ္စတာဆာဆာကာဝါသည် ယနေ့ နံနက် ၉နာရီခွဲတွင် KNU ဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် တွေ့ဆုံပြီးနောက် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ-KNPP ဥက္ကဋ္ဌ ခူးဦးရယ် ဦးဆောင်သည့် ကိုယ်စားလှယ်အ ဖွဲ့အား တွေ့ဆုံခဲ့သလို မွန်းလွဲပိုင်းတွင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက် ဆစ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့နှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

၎င်းနောက် NCA အပစ်ရပ်စာချုပ် လက်မှတ်ထိုးသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (၁၀)ဖွဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST)ခေါင်းဆောင်များနှင့်လည်း တွေ့ဆုံရန်ရှိသည်ဟု ကနဦး ထွက်ပေါ်လာသည့် သတင်းအရ သိရသည်။



မစ္စတာဆာဆာကာဝါနှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ ယခုတွေ့ဆုံဆွေးနွေးခြင်းသည် စစ်ကောင်စီ၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ် ထားချက်နှင့် ဆက်စပ်မှုရှိနိုင်သည်ဟု တိုင်းရင်းသားနိုင်ငံရေး သုတေသီတစ်ဦးဖြစ်သူ နိုင်ဗညားမွန်က သုံးသပ် သည်။

"ဘာကြောင့် တွေ့ကြလဲဆိုတာကတော့ ပြောဖို့ခက်တယ်ပေါ့နော်။ ဒါက ပုဂ္ဂိုလ်ရေးအရလည်း ဖြစ်နိုင်တယ်ပေါ့ နော်။ သို့သော် ဘယ်လိုပဲဖြစ်ဖြစ် ဒီတွေ့ဆုံမှုက ကျနော်တို့တွေ့ရတဲ့ အာဂျင်ဒါအရ ဦးလှမောင်ရွှေတို့လို၊ ဦးအောင် နိုင်ဦးတို့လို (စစ်ကောင်စီ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီအကြံပေးများ) ပါနေတဲ့အခါကျတော့ စစ်ကောင် စီရဲ့အသံကို သယ်လာနိုင်တဲ့အနေအထားမျိုးလည်း နားလည်ရတယ်။ စစ်ကောင်စီရဲ့ ဆယ်လတာ ငြိမ်းချမ်းရေး ကြေညာထားတဲ့အပေါ်မှာ ဒီအစ်ရှူးနဲ့ဆက်စပ်တယ်လို့ ကျနော်ထင်တယ်။"ဟု ကေအိုင်စီသို့ ပြောသည်။

နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာဆာဆာကာဝါသည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာ ချုပ်(အဲန်စီအေ) လက်မှတ်ထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း ခေါင်းဆောင် များနှင့် ဆက်ဆံရေးကောင်းသူဖြစ်သလို တစ်ဖက်တွင် လည်း စစ်ကောင်စီနှင့် ဆက်ဆံရေးကောင်းများ ထူထောင်သူတစ်ဦးဖြစ်သည်ဟု သိရှိရသည်။

မြန်မာနိုင်ငံတွင် အပစ်ခတ်ရပ်စဲစဉ်ကာလအတွင်း နိပ္ပွန်ဖောင်ဒေးရှင်းအနေဖြင့် ကရင်ပြည်နယ်ရှိ လေးကေကော် မြို့သစ်တည်ဆောက်သည့်အချိန်တွင် နေအိမ်အ ဆောက်အဦးနှင့် မြို့သစ်၏ ပညာရေး၊ ကျန်းမာရေး အဆောက် အဦးနှင့် သင်ထောက်ကူပစ္စည်းအချို့ ထောက်ပံ့လှူဒါန်းပေးခဲ့သည်။

သို့သော် ပြီးခဲ့သည့် ၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလ ၁၅ရက်နေ့က စတင်ဖြစ်ပွားသည့် လေးကေ့ကော်ဒေသတွင်း စစ်ရေး ပဋိပက္ခကြောင့် မြို့သစ်ရပ်ကွက်အတွင်းရှိ နိပ္ပွန်ဖောင်ဒေးရှင်းလှူဒါန်းထားသည့်

လူနေအိမ်အဆောက်အဦး၊ ပစ္စည်းအချို့ကို ထိခိုက်ပျက်စီးမှုနှင့် ဖျက်ဆီးခံရမှုရှိခဲ့သည်ဟု မြေပြင်သတင်းအရ သိရသည်။

https://kicnews.org/2022/03/knu-နှင့်-နိပွန်ဖောင်ဒေးရှ/

----------------------------------------------------------------------------------------------------

## လေးကေကော်က ထွက်သွားဖို့ KNU အကြောင်းကြားတာ စစ်ကောင်စီ မတုံ့ပြန်

10 မတ်၊ 2022 | အေးအေးမာ

ကရင်အမျိုးသားအစည်းအရုံး KNU တပ်မဟာ(၆)နယ်မြေ ဒူးပလာခရိုင် လေးကေ့ကော်ဒေသ နဲ့ ကော့ကရိပ်မြို့တောင်ပိုင်းတွေမှာ စစ်ကောင်စီတပ်တွေ တပ်စွဲနေရာယူထားတာကြောင့် စစ်ဘေးရှောင်တွေဟာ ၃လကြာတဲ့အထိ သူတို့နေအိမ်တွေကိုမပြန်နိုင်ကြသေးပါဘူး။ အဲဒီအတွက် စစ်ကောင်စီတပ်တွေ အဲဒီနယ်မြေကနေ ၃ ရက်အတွင်း ဖယ်ရှားပေးဖို့ ကရင်အမျိုးသားအစည်းအရုံးKNU ဒူးပလာခရိုင် အတွင်းရေးမှူး စောလစ္စတန်က အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကတိုင်းမှူးထံကို အသိပေးချက်ထုတ်ပြန်ခဲ့ပါတယ်။ ဒီသတင်းကို ဗွီအိုအေ သတင်းထောက် မအေးအေးမာ သတင်းပေးပို့ထားပါတယ်။

ကရင်အမျိုးသားအစည်းအရုံး KNU တပ်မဟာ(၆)နယ်မြေဖြစ်တဲ့ ဒူးပလာခရိုင် လေးကေ့ကော်ဒေသ နဲ့ ကော့ကရိပ်မြို့တောင်ပိုင်းတွေမှာ စစ်ကောင်စီတပ်တွေ တပ်စွဲနေရာယူထားပြီးမကြာခန တိုက်ပွဲတွေဖြစ်နေပါတယ်။ အဲဒီအတွက် လက်နက်ကြီး ကျည်ဆံတွေ ကျေးရွာတွေထဲကျတဲ့အတွက် ဒေသခံတွေ သေဆုံးဒဏ်ရာရကြတာရှိသလို နေအိမ်တွေကိုလည်း စွန့်ခွါပြီးထွက်ပြေးနေရပါတယ်။ ဒီအတွက် KNU တပ်မဟာ(၆)က ဒေသခံတွေအတွက် ကာကွယ်ရေး နဲ့ လုံခြုံရေးအတွက် စာထုတ်ပြီး စစ်ကောင်စီတပ်တွေအနေနဲ့ မတ်လ ၇ ရက်နေ့ကစပြီး ၃ရက်အတွင်းဖယ်ရှားဖို့ စာထုတ်ခဲ့တာဖြစ်ကြောင်း KNU ကရင်အမျိုးသားအစည်းအရုံး နိုင်ငံခြားရေးဌာနပြောရေးဆိုခွင့်ရှိသူ ဖဒိုစောတောနီး က အခုလိုပြောပြပါတယ်။

"ဒူးပလာခရိုင်တပ်မဟာ(၆) က အတွင်းရေးမှူးလက်မှတ် နဲ့ ထုတ်တဲ့စာဖြစ်တယ်။ အထူးသဖြင့် ဒူးပလာခရိုင် တပ်မဟာ(၆) အဲဒီဒေသလုံခြုံရေးအတွက် သူတို့မှာတာဝန်ရှိတဲ့အပေါ်မှာ သက်ဆိုင်ရာကိုထုတ်တာဖြစ်တယ်။အထူးသဖြင့်ပြည်သူလူထုရဲ့အသက်အိုးအိမ်ကာကွယ်ရေးကိစ္စအပေါ်မှာ တာဝန်ရှိတဲ့အပေါ်မှာ ထုတ်ပြန်တာဖြစ်တယ်။ အဲဒီစာမှာပါတဲ့အကြောင်းအရာက စစ်ဘေးရှောင်တွေ ထွက်ပြေးလာတာ ၃လရှိပြီ။ သူတို့အိမ်မှာကျန်ခဲ့တဲ့ပစ္စည်းတွေကပျက်လိုပျက်ဆီးဖြစ်နေကြတော့ သူတို့က ဒီအတိုင်းတော့ တခုခုလုပ်သင့်ပြီဆိုပြီး လုပ်နေကြတာလို့ယူဆတယ်။ အခုက ပြန်လို့ကိုမရတော့တာ ၃လရှိပြီ။ အခုက မိုးတွေကလည်းရွာတယ်။ တလောကလည်း ဒုက္ခတွေအတော်ရောက်တယ်။ တောထဲမှာလည်း ယာယီနေကြရတယ်ဆိုတော့"

ဒေသခံတွေရဲ့နေအိမ်တွေမှာ စစ်ကောင်စီတပ်တွေက တပ်စွဲနေရာယူထားတဲ့အပြင် ရွာသားပိုင်ပစ္စည်းတွေကိုလည်း ယူဆောင်သွားတာတွေရှိတယ်လို့ ကရင်လူ့အခွင့်ရေးအဖွဲ့KHRG က ပြောရေးဆိုခွင့်ရှိသူစောနန္ဒဆုးကလည်းအခုလိုပြောပါတယ်။

" စစ်ကောင်စီတပ်ဖွဲ့ဝင်တွေက ကော့ကရိတ်မြို့နယ်ထဲက တပ်ဖွဲ့ဝင်တွေ ထွက်ပြေးတိမ်းရှောင်နေတဲ့ ဒေသခံတွေရဲ့အိမ်တွေက ပစ္စည်းတွေကို လုယူခိုးယူနေတာတွေလည်းရှိတယ်။ အိမ်တွင်းကပစ္စည်းတွေ ကောင်းတဲ့အဝတ်အစားတွေယူတယ်။ အဖိုးတန်ပစ္စည်းပိုက်ဆံတွေကိုလည်းယူတာရှိတယ်။ အိမ်မွေးတိရစာန်တွေကို ကြက်ဝက်တွေကိုသတ်ဖြတ်ချက်စားတာတွေလည်းရှိတယ်။ ရွာသားတွေရဲ့အိမ်တွေကို နေထိုင်စရာယာယီလုပ်ပြီး အိုးခွက်ပန်းကန်တွေကိုသုံးယူနေတာတွေလည်းရှိတယ်"

အခုလိုစာထုတ်ထားပေမယ့် စစ်ကောင်စီဘက်က
တုံ့ပြန်ချက်တွေတော့မရသေးဘူးလို့လည်းဖဒိုစောတောနီးကပြောပါတယ် ။

"ဘာမှတုံ့ပြန်ချက်မှုတော့ ကျနော်တို့မကြားသေးဘူး ။ငြိမ်းချမ်းရေးနဲ့ အပစ်အခတ်ရပ်စဲရေး စကားတွေကိုတလျှောက်လုံးပြောနေပေမယ့် တကယ်တမ်းကျတော့ အဲဒါနဲ့ဆန့်ကျင်ပြီးလုပ်တယ်။ ငြိမ်းချမ်းရေးနဲ့ အပစ်ရပ်ရေးကို မလိုလားဆုံးက ဘယ်သူလဲဆိုတာ ထင်ရှားတယ်။ ကျနော်နားလည်တာက တပ်မဟာ(၆)က သူတို့လုပ်သင့်ကိုလုပ်နေတာပဲ။ တဖက်ကလည်း အပစ်အခတ်ရပ်စဲရေးခေါ်ပြီး တဖက်က တိုက်ပွဲတွေနေ့တိုင်းဖြစ်တော့လည်း ယုံကြည်မှုကတည်ဆောက်လို့မရတော့ဒီလိုပဲသွားနေရတာပေါ့"

ကရင်ပြည်နယ် လေးကေ့ကော်ဒေသမှာ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလ၁၅ရက်နေ့ကစပြီး တိုက်ပွဲတွေဖြစ်ခဲ့သလို ကော့ကရိတ်မြို့နယ်ထဲမှာလည်း တိုက်ပွဲတွေဖြစ်နေတာပါ။ တိုက်ပွဲတွေအတွင်း လက်နက်ကြီးတွေနဲ့ပစ်ခတ်မှု့လေယာဉ်နဲ့ဗုံးကြဲတိုက်ခိုက်မှုတွေကြောင့် ကျေးရွာတွေက ဒေသခံသောင်းနဲ့ချီပြီး အိုးအိမ်ပစ်ပြီး နေရပ်စွန့်ခွါ ထွက်ပြေးနေရဆဲဖြစ်ပါတယ်။

https://burmese.voanews.com/a/knu-war-refugees-idp/6477449.html

-----------------------------------------------------------------------------------------------

## တပ်သိမ်းမြေ ၈၀၀ ဧက ပြန်ရရန် ပြည်သူများတောင်းဆို

By SHAN - March 10, 2022

သျှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့နယ် ဆုံကွယ်ကျေးရွာအုပ်စုအတွင်း နှင့် အနီးပတ်ဝန်းကျင်မှ တပ်သိမ်းမြေ (၈၀၀) ဧကတွင် ပြန်လုပ်ကိုင်စားသောက်ရန်အတွက် ပြည်သူများက တောင်းဆိုနေကြောင်း သတင်းသိရသည်။



ပြီးခဲ့သည့် ၂၀၀၀ ခုနှစ်ကတည်းက အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် (ရမခ) မှ တပ်ပိုင်မြေအဖြစ် သိမ်းယူလိုက်သည့် ဆုံကွယ်ကျေးရွာအုပ်စုနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာ ၆ ရွာမှ မြေနေရာများအပါအဝင် မြေဧကစုစုပေါင်း ၈၀၀ နီးပါးကို ဒေသခံပြည်သူများ လုပ်ကိုင်စားသောက်ခွင့်ရနိုင်ရန်အတွက် ပြန်လည်ပေးအပ်ရန် အလိုရှိကြောင်း ဒေသခံများက သျှမ်းသံတော်ဆင့်ကို ပြောသည်။

“သမိုင်းကြောင်းအရတော့ ဒီမြေတွေက ပြီးခဲ့တဲ့ ၂၀၀၀ ကတည်းက တပ်ပိုင်မြေဖြစ်ခဲ့ဖူးပေမဲ့ စစ်တပ်က ဘာမှ လာမလုပ်ဘူး၊ ပြည်သူတွေလည်း အဲ့မြေနေရာတွေမှာ လုပ်ကိုင်စားသောက် လို့ရနေခဲ့တယ်၊ အခု စစ်အာဏာသိမ်းလိုက်မှ မြေနေရာကို ကုမ္ပဏီတွေဆီငှားပေးတာနဲ့၊ တခြားလုပ်ငန်းတွေလာလုပ်တာနဲ့ ပြည်သူတွေ မလုပ်ရတာ” ဟု ဆုံကွယ်ဒေသခံ အမျိုးသားတစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

ဆုံကွယ်ကျေးရွာအုပ်စုနှင့် အနီးပတ်ဝန်းကျင်မှ ကျေးရွာပြည်သူများသည် လယ်ယာစိုက်ပျိုးရေး အဓိက လုပ်ကိုင်စားသောက်ကြရာ စစ်တပ်က ယခုလို လုပ်ဆောင်လာခြင်းကြောင့် များစွာ အခက်အခဲရှိကြောင်း ဒေသခံများက ပြောသည်။

ထို့အပြင် ရမခ စစ်တပ်မှ သိမ်းယူသွားသည့် မြေနေရာများတွင် ဒေသခံရွာသားတို့ လုပ်ကိုင်စားသောက်ခွင့်မရသော်လည်း တခြားပြင်ပမှ ကုမ္ပဏီများကို မြေနေရာငှားရမ်းပေးနေကြောင်းလည်း သိရသည်။

“အရင်က ကျနော်တို့ရွာသူကြီးနဲ့ ရပ်မိရပ်ဖတွေပေါင်းပြီး ဒီ ရမခ တပ်က သိမ်းထားတဲ့မြေနေရာအားလုံး မဟုတ်ရင်တောင် တချို့တဝက်ပြန်ပေးဖို့ နေပြည်တော်အထိ လူရောစာရာ

သုံးကြိမ်သွားရောက်တောင်းဆိုခဲ့ဖူးတယ်၊ လုပ်ပေးမယ်ပြောပြီး ဘာမှထူးမလာဘူး၊ ကျနော်တို့ဒေသခံတွေက လုပ်ကိုင်စားသောက်ဖို့ မြေနေရာရှားလာ တော့ ခက်ခဲကုန်တာပေါ့” ဟုလည်း အထက်ပါ အမျိုးသားက သျှမ်းသံတော်ဆင့်ကို ပြောသည်။

ထို့ကြောင့် ရမခ စစ်တပ်မှ သိမ်းထားသည့် မြေနေရာများအား ဒေသခံများလုပ်ကိုင်စားသောက်နိုင်ရန်နှင့် ပြန်လည်ပေးအပ်ရန် အတွက် ကျေးရွာနေပြည်သူများက မျှော်လင့်နေကြသည်။

https://burmese.shannews.org/archives/27321

----------------------------------------------------------------------------------------------------------

## နမ့်လန်မြို့ပတ်ဝန်းကျင် တစ်ပတ်အတွင်း မိုင်းထိလူနာ (၇) ဦးရှိ

By SHAN - March 10, 2022



သျှမ်းပြည်မြောက်ပိုင်း သီပေါမြို့နယ် နမ့်လန်မြို့ပတ်ဝန်းကျင်အတွင်း ယခု မတ်လ ပထမ ပတ်တွင် မိုင်းနင်းမိမှုကြောင့် ထိခိုက်လူနာ (၇)ဦး ရှိကြောင်း စုံစမ်းသိရှိရသည်။

အဆိုပါ မိုင်းနင်းမိမှုကြောင့် (၇)ဦး ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး ယမန်နေ့ မတ်လ ၈ ရက်နေ့က တစ်ဦးသေဆုံးသွားကြောင်း နမ့်လန်ဒေသခံ အမျိုးသား တစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

“ ဒီတစ်ပတ်ထဲမှာပဲ (၇)ယောက်လောက် မိုင်းနင်းမိတာ။ တစ်ယောက်သေသွားတယ်။ မနေ့ မနက်က သေသွားတာ။ ကျန်တဲ့သူတွေတော့ ဆေးရုံတွေမှာ ဆေးကုသနေကြတယ်” ဟု နမ့်လန်မြို့ ဒေသခံ အမျိုးသား တစ်ဦးက ပြောသည်။

နမ့်လန်မြို့တွင် တိုင်းရင်းသားလက်နက်ကိုင် အချင်းချင်း တိုက်ပွဲ ရပ်တန့်သွားပြီးနောက်ပိုင်း မိုင်းနင်းမိသည့် ပြည်သူများ ပိုများပြားလာကြောင်း သိရသည်။

ထို့အပြင် တိုက်ပွဲ ငြိမ်သက်သွားသော်လည်း လက်နက်ကိုင်တပ်ဖွဲ့များက မြေမြှုပ်မိုင်းများကို ပြန်လည် လာရောက်ဖြေရှင်း ရှတ်သိမ်းပေးတာမရှိသည့်အပြင် ပြည်သူအများစု သွားလာလှုပ်ရှားသည့် နေရာများတွင် မိုင်းကို ထောင်ထားလျက်ရှိကြောင်း သိရသည်။

“ မိုင်းကတော့ သူတို့တိုက်ပွဲဖြစ်ပြီးတဲ့ နောက်ပိုင်းဘဲ နင်းမိကြတာ။ ပြန်လာရှတ်သိမ်းတာလည်း မရှိဘူး။ မိုင်းထောင်ထားတဲ့ နေရာတွေကလည်း ပြည်သူတွေ သွားလာရှာဖွေစားသောက်တဲ့နေရာတွေဖြစ်တယ်။ တော်တော်လေးကို များတယ်” ဟု အသက် ၃၀ ကျော် ဒေသခံအမျိုးသားက ပြောသည်။



မြေမြှုပ်မိုင်းကြောင့် ပြည်သူများ သွားလာရာတွင် စိတ်ပူနေကြရသည့် အပြင်၊ စားဝတ်နေရေးအတွက် ရှာဖွေစားသောက်ရာတွင်လည်း ပြည်သူများ အခက်ခဲများစွာရှိလာနေကြောင်း သိရသည်။

“ ပြည်သူတွေအတွက် အပြင်သွားလာဖို့ ခက်ခဲတာပေါ့။ မိုင်းနင်းမိမှာကြောက်ကြရတယ်လေ။ စားဝတ်နေရေးအတွက်လည်း ခက်ခဲလာတယ်။ ခြံတွေ၊ လယ်တွေ သွားဖို့လည်း မသွားရဲတော့ဘူး။ မိုင်းကလည်း ပြည်သူတွေ အများသွားလာတဲ့နေရာမှာဘဲ ထောင်ထားတယ်လေ” ဟု ၎င်းက ဆိုသည်။

နမ့်လန်မြို့တွင် တိုက်ပွဲ မဖြစ်ပွားသည်မှာ ၂ လကျော်ကြာခဲ့ပြီဖြစ်ကြောင်း

သိရသည်။ သို့သော် တိုက်ပွဲငြိမ်သက်သွားပြီးနောက် ယနေ့ မတ်လ ၉ ရက်နေ့အထိ မိုင်းနင်းမိလူနာ ၂၈ ကျော်နှင့် သေဆုံးသူ ၄ ဦး ရှိကြောင်း သိရသည်။

https://burmese.shannews.org/archives/27317

--------------------------------------------------------------------------------------------------